# ရောင်းမှော်

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့ (28-12-2013) (၇၇၀၈)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၄ ဒီဂရီစင်တီဂရိတ် |

# မြန်မာ့တိုင်းရင်းဆေး ပွံ့ပြိုးခိုင်မာတိုးတက်ရေး ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းအားထုတ်ကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ (၁၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့ခဲ့သည့် ဂုဏ်ပြုသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

၂၀၁၃ ခုနှစ်တွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ခင်ဗျား-

ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ်မပျက်မကွက် ကျင်းပနိုင်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသက်တမ်းသည် ယခုနှစ်ဆိုလျှင် ဆယ်စုနှစ်တစ်စုကို ကျော်လွန်လာခဲ့ပြီး ၁၄ နှစ်တိုင် ရောက်ခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအခါသမယတွင် ညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံးကို ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ယခုနှစ်ညီလာခံကြီးတွင်လည်း ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ ကျန်းမာရွှင်လန်းစွာ ဆုံဆည်းကြပြီး ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်စေရေးကို ရည်မှန်းလျက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်၊ စေတနာမှန်သော၊ အပြုသဘောဆောင်သော လုပ်ဆောင်ချက်များကို ဖလှယ်ကြ၊ ဆွေးနွေးတိုင်ပင်ကြရင်း ကောင်းမွန်သော မြန်မာ့တိုင်းရင်းဆေးသမိုင်းအမွေအနှစ်များကို ချန်ရစ်ထားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးတိုးတက်ဖြစ်ထွန်းမှုကို ကျန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုခန့်ကာလအတွင်း ပြန်လည်သုံးသပ်ကြည့်မိပါသည်။ ၁၉၉၆ ခုနှစ်တွင် "တိုင်းရင်းဆေးဝါး ဥပဒေ" ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် "တိုင်းရင်းဆေးကောင်စီဥပဒေ"ကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ဤဥပဒေနှစ်ခုသည် မြန်မာတိုင်းရင်းဆေးစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ကြီးကြပ်လမ်းညွှန်ပေးသည့် အဓိကမဏ္ဍိုင်ကြီးများဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးဥပဒေ ပြဋ္ဌာန်းချက်များက အများပြည်သူတို့ အားကိုးအားထားပြုနိုင်သည့် အရည်အသွေးမီ အစွမ်းထက်တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ခြင်းနှင့် ထုတ်လုပ်ခွင့်လိုင်စင်များဖြင့် ဥပဒေနှင့်အညီ စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက် လမ်းညွှန်အားပေးထားသကဲ့သို့ ရှိပါသည်။ မျက်မှောက်ကာလတွင် Good Manufacturing Practice (GMP) အတိုင်း ကျင့်သုံးသော တိုင်းရင်းဆေးဝါးစက်ရုံများပင်ဖြစ်ထွန်းလာသည်ကို တွေ့ရှိနေရပါသည်။ အလားတူပင် တိုင်းရင်းဆေးကောင်စီဥပဒေကလည်း မှတ်ပုံတင်လက်မှတ်ရ၊ တိုင်းရင်းဆေးပညာရှင်များက ပြည်သူလူထုကို စနစ်တကျ ကျန်းမာရေးစောင့်ရှောက်ကုသမှုပြုနိုင်ရေးအတွက် ထိန်းကျောင်းအားပေးလျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့် နှီးနွယ်ပညာရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်တို့သည် တိုင်းရင်းဆေးဆိုင်ရာဥပဒေများ၏မူဘောင်အတွင်းမှ မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ညီလာခံအဖွင့်အမှာစကားပြောကြားခဲ့သည်။

ယခုမြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်တို့၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပိုမိုစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အရည်အသွေးမြင့်တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးစသည့် ရည်ရွယ်ချက် (၅)ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ဖိတ်ကြားထားသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအပြင် တိုင်းရင်းဆေးသမားတော်ကြီးများနှင့် သက်ဆိုင်သူများ အားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ပြည်သူလူထုအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ပြီး တိုင်းရင်းဆေးကို ကျယ်ပြန့်စွာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

## ကြည့်ရှုအားပေး

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ညီလာခံတော်များ ခန်းမအတွင်း ဖွင့်လှစ်ပြသထားသည့် တိုင်းရင်းဆေးခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## ကြားမုံစာတည်း ရှေထောင် ၂၈-၁၂-၂၀၁၃၊ စနေနေ့

# အာမခံသည့် အာမခံ

ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံ၌ လည်ပတ်စဉ် အာမခံထားရှိနိုင်ပြီ ခေါင်းစဉ်နှင့် သတင်းတစ်ပုဒ်အောက်မှာ "မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဖွံ့ဖြိုးလာဖို့အတွက် ၂၀၁၂ ခုနှစ်ကစတင်ပြီး အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တွေ ချထားပေးခဲ့ပါတယ်။ လာမယ့်နှစ်မှာလည်း လိုင်စင်တွေထပ်မံချပေးသွားမှာပါ" ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိန့်ကြားသွားသည်။

မိမိတို့နိုင်ငံတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို ပုဂ္ဂလိကများသို့ ခွင့်ပြုပေးခဲ့သည်။ နှစ်နှစ်တာကာလအတွင်း လိုင်စင် ၂၄ ခု ခွင့်ပြုပေးထားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မိမိတို့နိုင်ငံသို့ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုတစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာနေရာ လာရောက်လည်ပတ်စဉ်ကာလအတွင်း အာမခံထားရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ ဖွံ့ဖြိုးတိုးတက်စပြုလာနေမှု၏ အကျိုးဆက်တစ်ရပ်ဟု ဆိုရပါမည်။

အာမခံဟူသော စကားသည် မိမိတို့နိုင်ငံသာမဟုတ်၊ ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေဆဲ အာရှနိုင်ငံတချို့အတွက် အနေစိမ်းနေဆဲဖြစ်သည်။ ဥပမာ ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များအနက် ဖိလစ်ပိုင်တွင် တိုက်ခတ်ခဲ့သည့် အင်အားပြင်း ဟိုင်ယန်မုန်တိုင်းကြောင့် သေဆုံးသူ ၇၀၀၀ မှ ၂၅၀၀၀ ထိ မြင့်တက်ခဲ့သည်။ ဆုံးရှုံးမှုပမာဏဒေါ်လာ ၆ ဒသမ ၅ ဘီလီယံမှ ၁၄ ဒသမ ၅ ဘီလီယံထိ ရှိခဲ့သော်လည်း အာမခံပေးလျော်ရသည့် ပမာဏမှာ ဒေါ်လာသန်း ၃၀၀ မှ ၇၀၀ အတွင်းသာ ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း နှိုင်းယှဉ်စရာ အာမခံကြေးပေးရမှုနောက်ဖြစ်စဉ်မှာ ဂျာမနီ၊ ချက်၊ ဗဟိုဥရောပ နိုင်ငံများ ရေလွှမ်းမိုးမှုဖြစ်စဉ်တွင် လူနှစ်ဒါဇင်နှီး သေဆုံးခဲ့ပြီး အာမခံပေးလျော်ရမှု ဒေါ်လာလေးဘီလီယံရှိခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဇူဟုစ်အခြေစိုက် အာမခံကုမ္ဗဏီက စာရင်းအတိအကျထုတ်ပြန်ခဲ့သည်။

အာမခံထားရှိမှုတွင် အရှေ့နှင့်အနောက် တစ်နည်း အာရှနှင့်ဥရောပ ကွာခြားမှု၏နမူနာပြယုဂ်တစ်ခုဖြစ်သည်။ အာမခံလုပ်ငန်းနှင့်ပတ်သက်၍ အာရှဒေသပြည်သူကြားမှာ လူသိနည်းနေခြင်း၊ ယုံကြည်မှုအားနည်းနေသေးခြင်း လက္ခဏာတစ်ရပ်ဟု သုံးသပ်၍ ရနိုင်ပါသည်။ အာမခံလုပ်ငန်းမှ သတိပြုလုပ်ဆောင်သင့်သည့် အချက်များဖြစ်ပါသည်။

မိမိတို့ နိုင်ငံ၏ ဆီးဂိမ်းပြိုင်ပွဲတွင် ကစားသမား ၁၀၀၂ ဦး (အမျိုးသား ၅၈၅ ဦး၊ အမျိုးသမီး ၄၁၇ ဦး) အား အားကစားသမားအာမခံ အခမဲ့ထားရှိပေးခဲ့ကြောင်း၊ သို့သော် အားကစားနည်း ၃၃ မျိုးလုံးတွင် ပါဝင်ယှဉ်ပြိုင်သူ မည်သူ့ကိုမှ လျော်ကြေးပေးလျော်ရခြင်းမရှိခဲ့ကြောင်း သိရသည်။ မိမိတို့ နိုင်ငံ အာမခံလုပ်ငန်း၏ စေတနာလုပ်ဆောင်ချက်။ သို့သော် ကြိုတင်လေ့ကျင့်မှုနှင့် စိတ်ဓာတ်စွမ်းရည်မြင့်မားမှုတို့ကြောင့် မြန်မာ့အားကစားသမားအားလုံး နာကျင်ထိခိုက်မှုမရှိခဲ့ကြပေ။ တစ်ဖက်တွင်လည်း နိုင်ငံမေတ္တာ ခံယူခဲ့ကြသူများဖြစ်နေကြ၍ပင်။

ယခုအခါ လုပ်ငန်းလိုင်စင်ချပေးထားပြီး ပုဂ္ဂလိကအာမခံကုမ္ဗဏီများ လုပ်ငန်းစတင်ဆောင်ရွက်နေကြပြီ။ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ အသက်အာမခံ၊ သမာဓိအာမခံနှင့် ငွေပို့ငွေသယ်အာမခံတို့ကို လုပ်ကိုင်လျက်ရှိနေကြပြီ။ မိမိတို့နိုင်ငံ ဘက်စုံဖွံ့ဖြိုးလာမှု၏ လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် BAJ တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Bridge Asia Japan(BAJ) တို့ပူးပေါင်း၍ ကရင်ပြည်နယ် ဘားအံမြို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းဆောက်လုပ်ပြီး သင်တန်းဖွင့်လှစ်ပေးခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုရေးထိုးမည့်နားလည်မှုစာချွန်လွှာအရ Bridge Asia Japan(BAJ) က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား အခြေခံစက်မှုလက်မှုအတတ်ပညာများကို သင်ကြားပေးနိုင်ရန် ကရင်ပြည်နယ် ဘားအံမြို့၌ စက်မှုလက်မှုပညာသင်တန်းကျောင်းဆောက်လုပ်ဖွင့်လှစ်၍ စက်ပြင်သင်တန်းနှင့် လျှပ်စစ်သင်တန်းတို့ကို တစ်နှစ်လျှင် နှစ်ကြိမ်စီ၊ ဆောက်လုပ်ရေးသင်တန်းနှင့် ဂဟေသင်တန်းတို့ကို တစ်နှစ်လျှင် တစ်ကြိမ်စီ သင်တန်းကာလ ခြောက်လ၊ သင်တန်းသား ၃၀ စီဖြင့်စုစုပေါင်း တစ်နှစ်လျှင် သင်တန်းသား ၁၈၀ ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်အကျခံ သင်ကြားဆောင်ရွက်ပေးသွားမည်ဟု သိရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းကြောင့် ပုံမှန်ပညာသင်ကြားခွင့်မရသော ဒေသခံလူငယ်များအား နည်းပညာများ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဤကျောင်းမှ သင်ကြားပေးလိုက်သော ပညာရပ်များကို အသုံးပြုကာ ဒေသခံလူငယ်များ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ကာ ဒေသအတွင်း စီးပွားရေးနှင့် နည်းပညာများ ဖွံ့ဖြိုးမှုကို အထောက်အကူများ ရရှိစေမည်ဖြစ်ပါကြောင်း။

ဤသို့သောလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် Bridge Asia Japan(BAJ)တို့ကို အထူးပင်ကျေးဇူးတင်မိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိပါကြောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ခု၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လေးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၆ ကျောင်းကို ဖွင့်လှစ်ထားရှိပြီး တိုင်းရင်းသားများ၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိတိုင်းရင်းသားလူငယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးပြီး မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ ပါဝင်ဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပေးလျက်ရှိရာ အခြေခံပညာအထက်တန်းအထိ ကျောင်းသားကျောင်းသူ ၂၃၂၈၁ ဦးအား လေ့ကျင့်ပေးခဲ့ပြီး ၎င်းတို့အနက်မှ B.A,B.Sc ဘွဲ့ရရှိသူ ၁၆၀၃ ဦး၊ M.A,M.Sc ဘွဲ့ရရှိသူ ၁၇၁ ဦး၊ M.Res ရရှိသူ ၅၈ ဦး၊ Ph.D ရရှိသူ လေးဦး၊ A.G.T.I. ရရှိသူ ၈၁၉ ဦး၊ B.Tech ဘွဲ့ရရှိသူ ၃၁၈ ဦး၊ B.E ဘွဲ့ရရှိသူ ၁၈၇ ဦး၊ M.E ဘွဲ့ရရှိသူ ၈၈ ဦးရှိပြီး ဖြစ်ပါကြောင်း၊ အလားတူ နယ်စပ်ဒေသမှ အမျိုးသမီးငယ်လေးများကို အိမ်တွင်းမှုသက်မွေးပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက် ၎င်းတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်း ၅၁၉၀၀ လေ့ကျင့်သင်ကြားပေးပြီး ဖြစ်ပါကြောင်း။

ထို့အတူ ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများ လုပ်ငန်းဆိုင်ရာအရည်အသွေး မြင့်မားရေးအတွက်လည်း ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းကို ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်း ၉၇၇၃ ဦး လေ့ကျင့်ပေးပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Bridge Asia Japan(BAJ)မှ ဌာနေကိုယ်စားလှယ်က ကျေးဇူးတင်စကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် Bridge Asia Japan(BAJ) မှ ဌာနေကိုယ်စားလှယ်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၈၄၀၀ | - ၆၄၉၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၈၀၀၀ | - ၆၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၈၇. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၅၂. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၂. ၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၀. ၀၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၃၂ |
| (စ) အိန္ဒိယ | တစ်ရုပီး | = ၁၅. ၉၀၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၄၀. ၉၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၃၀၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၇. ၀၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၄၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

# မြန်မာ့တိုင်းရင်းဆေးပညာ ဘွဲ့ရပညာရှင်အဆင့်သာမက မဟာဘွဲ့ပညာရှင်အဆင့်ထိ မွေးထုတ်နိုင်ခဲ့ပြီ

**☆ မြန်မာ့တိုင်းရင်းဆေးမှ**

တိုးတက်ဖွံ့ဖြိုးသည်ထက် ပို၍ပို၍ တိုးတက်ဖွံ့ဖြိုးရေးကို စုပေါင်းညီညာချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းဆေးပညာရှင် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးဆောင်ရွက်ခဲ့မှုများကို ကြည့်ပြန်လျှင်လည်း ၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးသိပ္ပံကျောင်းကို တည်ထောင်ခဲ့ကာ ဒီပလိုမာအဆင့်ပညာရှင်များ မွေးထုတ်နိုင်ခဲ့သလို ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်ခဲ့ပြီး ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာ ဘွဲ့ရပညာရှင်အဆင့်သာမက မဟာဘွဲ့ပညာရှင်အဆင့်ထိ မွေးထုတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုမျှမက ၂၀၀၇ ခုနှစ်ကစ၍ အရေးပေါ် အိမ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများ ကျေးလက်တောရွာများဆီ အရောက် ဖြန့်ဝေခဲ့၊ ဖြန့်ဝေလျက်ရှိသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ၂၀၀၈ ခုနှစ်တွင် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော်တွင် တည်ထောင်ဖွင့်လှစ်နိုင်သည့် ဆောင်ရွက်မှုများ၊ ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာအဆင့်မီ မြန်မာ့ပရဆေးပင်ကျမ်း (Myanmar Herbal Pharmacopoeia) ပေါ်ထွက်လာအောင် စွမ်းဆောင်မှုများသည်လည်း မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှုအတွက် မှတ်တိုင်များပင်ဖြစ်ပါသည်။ လတ်တလောကာလ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း အာဆီယံအဆင့် တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေးကြီးများနှင့် ညီလာခံကိုလည်း အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့၊ ကျင်းပရန်များအစီအစဉ်ရှိပြီး ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များသည် မြန်မာပြည်သူတို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကြီးမားသောအထောက်အပံ့များပင် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှုဆိုသည့် တာဝန်ကို ထမ်းဆောင်ကြမည့်အဓိကအင်အားစုကြီးသည် မြန်မာပြည်တစ်ဝန်းလုံးမှ ချစ်ကြည်ရင်းနှီး၊ ပေါင်းစည်းစိတ်ကို အခြေခံ၍ ယခုတိုင်းရင်းဆေးသမားတော်များညီလာခံကြီးတွင် စုဝေးရောက်ရှိနေကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးနှင့်နီးနွယ်သော ပညာရှင်အပေါင်းတို့ပင်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာပြည်သူတို့၏ အသက်ရှည်ရာ အနာမဲ့ကြောင်းကို ရည်မှော်လျက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များသည် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးခိုင်မာတိုးတက်ရေးအတွက်ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းအားထုတ် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအခါသမယတွင် ဆုတောင်းမေတ္တာပို့သလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေး ဦးဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၇

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊နည်းဥပဒေ ရေးဆွဲနိုင်ရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။(ယာပုံ)**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်သန့်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးသန်းထွန်း၊ ဦးဇင်ယော်၊ ဦးသိန်းအောင်၊ ဒေါက်တာမောင်မောင်သိမ်းနှင့် ဦးချန်မောင်၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းအသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ မူလရည်မှန်းချက်ဖြစ်သည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအား ထိထိရောက်ရောက် သက်ဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်း၍ "နည်းဥပဒေရေးဆွဲရေးလုပ်ငန်းကော်မတီ" တစ်ရပ်ကို ခိုင်ခိုင်မာမာ ဖွဲ့စည်းလျာထားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းဥပဒေရေးဆွဲရေးလုပ်ငန်းကော်မတီအနေဖြင့် နည်းဥပဒေ တစ်ခုချင်းအလိုက် ဦးဆောင်အဖွဲ့သို့ ရှင်းလင်းတင်ပြပေးသွားရန်နှင့် ဦးဆောင်အဖွဲ့ဝင်များက အသေးစိတ်အပြီးသတ် ညှိနှိုင်းဆုံးဖြတ်ရေးဆွဲရမည်ဖြစ်ကြောင်း။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အတည်ပြုဆုံးဖြတ် ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြုစုတင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မူရင်းဥပဒေတွင် အဓိကဦးတည်ရည်ရွယ်ချက်ဖြစ်သည့် "လုပ်ကွက်ငယ်လုပ်ကိုင်သော တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ပြီး အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း" တွေ့ရှိရချက်အပေါ် စိုက်ပျိုးရေးကဏ္ဍအပြင် မွေးမြူရေးကဏ္ဍအတွက် လုပ်ကွက်ငယ်ဆိုသည့် အဓိပ္ပာယ်အား ရှင်းလင်းစွာဖြင့် ယနေ့အစည်းအဝေးမှ ညှိနှိုင်းသတ်မှတ်ပေးကြရန် ဆွေးနွေးလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထွန်ဦး၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာစိန်လှဗိုလ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာသန်းလင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်/တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများကလည်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နည်းဥပဒေရေးဆွဲရေးလုပ်ငန်းကော်မတီ တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် အချိန်ကာလ သတ်မှတ်ထားရှိမှုကို ဆွေးနွေးတင်ပြရာ ဦးဆောင်အဖွဲ့အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေး ဦးဆောင်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ နေ့စဉ်နှင့် အမျှ ကြုံတွေ့ကြားမြင်နေကြရသည့် လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာပြီး မြို့ပြတွင် ရရာကျပန်းအလုပ်များဖြင့် ဝမ်းစာအတွက် ရွှေ့ပြောင်းအလုပ်ရှာဖွေ လုပ်ကိုင်နေကြသူများ၊ ပြည်ပနိုင်ငံများသို့ နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရသော အခက်အခဲပြဿနာများအကြားမှပင် အောက်ကျနောက်ကျ လုပ်သားများ (Migrate Workers) အဖြစ် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝသည် တိုင်းပြည်၏ စိတ်မချမ်းမြေ့ဖွယ်ရာ ပုံရိပ်(Negative Image)များပင် ဖြစ်ကြောင်း။

နေပူမရှောင်၊ မိုးရွာမရှောင်၊ နေထွက်သည်မှ နေဝင်သည်အထိ၊ တစ်နေကုန် ပင်ပင်ပန်းပန်းလုပ်ကိုင်နေကြသည့်တိုင်အောင် လူနေမှုဘဝ မလှမပရှိနေကြသည့်(Farming For Poverty) ဖြစ်နေကြရသည့် တောင်သူလယ်သမားများကို အခြားသော အိမ်နီးနားချင်း နိုင်ငံများနည်းတူ လူနေမှုဘဝနှင့်ဝင်ငွေ တိုးတက်လာအောင်၊ မိမိတို့အသီးသီးဥာဏ်စွမ်း၊ ကိုယ်စွမ်းတို့ဖြင့် ရိုင်းပင်းကူညီကြရန် ဦးထမ်းပဲ့ထမ်း ထမ်းတင်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

မည်မျှပင်ပြီးပြည့်စုံသော၊ မည်မျှပင် ခိုင်မာသောဥပဒေ၊ မည်မျှပင် ပြည့်စုံသော အကြံဉာဏ်ကောင်း၊ သီအိုရီကောင်း ဖြစ်စေကာမူ၊ လက်တွေ့ဖော်ဆောင်နိုင်ခြင်းမရှိပါက မည်သည့် အကျိုးရလဒ်မှ ပေါ်ထွန်းလာနိုင်မည် မဟုတ်ကြောင်း "The Great Idea,The Best Theory, The Best Formula, The Best Law, Without Implementation, Without Result" ဖြစ်ကြောင်းကို အားလုံးခံယူကြပြီး ယနေ့၊ မနက်ဖြန်လက်တွေ့ လုပ်နိုင်သမျှ စိတ်ကောင်း၊ စေတနာကောင်း (Beautiful Mind)ဖြင့် လက်တွေ့အတူတကွ နီးကပ်စွာဖြင့် (Close Collaboration) ပူးပေါင်းအကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တောင်သူ လယ်သမားများ၏ လက်ငင်းလိုအပ်ချက်များ အပါအဝင် အခွင့်အရေးများ အကျိုးစီးပွားများကို ကာကွယ်မြှင့်တင်ပေးနိုင်မည့် အလွန်ရည်ရွယ်ချက်ကောင်းသော၊ အလွန်မွန်မြတ်သောလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရေး အောင်မြင်စွာ ညှိနှိုင်းစည်းဝေးဆောင်ရွက်နိုင်ခဲ့ကြသည့်အပေါ်တွင် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်လာမည့် ၂၀၁၄ ခုနှစ် နှစ်သစ်အား တောင်သူလယ်သမားများအတွက် အလွန်မဂ်လာရှိသော နှစ်သစ်အဖြစ် ကြိုဆိုရင်းတက်ရောက်လာကြသူများအားလုံး၊ တောင်သူလယ်သမားထု အပါအဝင် မိဘပြည်သူများတစ်ရပ်လုံး အဘက်ဘက်တွင် အောင်မြင်ထိုးတက်ကြီးပွားကြပါစေကြောင်း ဆန္ဒပြုကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

# ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများနှင့် ငွေပဒေသာပင်စိုက်ထူလျှဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှဗဟိုအမျိုးသမီးဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခြင်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းများ လျှဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် အဆိုပါဆေးရုံ၌ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ စုပေါင်း၍ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးအင်အား ၂၀၀ ခန့်ဖြင့် စုပေါင်းပြုလုပ်ခဲ့သည်။ ဆက်လက်၍ ဆေးရုံသုံးပစ္စည်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်းအခမ်းအနားကို ဆေးရုံခန်းမ၌ပြုလုပ်ရာ ဆေးရုံသုံးပစ္စည်း Locker-stand ခန်းဆီးလိုက်ကာ၊ အမှိုက်ပုံး စုစုပေါင်းပစ္စည်းနှင့်လျှဒါန်းငွေသိန်း ၇၀ နှင့်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် သန့်ရှင်းရေးသုံးပစ္စည်း တန်ဖိုးငွေကျပ် ၁၃ သိန်းငါးသောင်း စုစုပေါင်း ၈၃ သိန်းငါးသောင်းအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့်အလျှုရှင်များက ပေးအပ်လျှဒါန်းရာ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။**(ယာပုံ)**

**(မီးမီး-လှိုင်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သတင်းကြေညာချက်

**၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက်**
**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်**

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရောင်းချပွဲတွင် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D(စီ၊ ဒီ)အဆင့်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D(စီ၊ ဒီ)အဆင့်များကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှုး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်းသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးသည်။**(ယာပို့)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်းသည် သင်တန်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၁)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် (၃၁၁၁) သင်တန်းသား ရဲရင့်အောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၃၀၆၄) သင်တန်းသား တိုင်းဇော်ထွေး၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၃၀၄၆) သင်တန်းသား စမျိုးသန့်တို့အား ဆုများအသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်းက သင်တန်းဆင်းသင်တန်းသားများအား မိန့်ခွန်းပြောကြားရာတွင်-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို စွမ်းရည်သုံးရပ်နှင့် ပြည့်စုံပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စု တပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နုလုံးရည်ပြည့်ဝသည့် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်စစ်သည်များ လေ့ကျင့်မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီတက္ကသိုလ်ကနေပြီး စစ်ပညာရပ်တွေနှင့်ပတ်သက်လို့ တပ်စုမှူးအဆင့်အထိ သင်ကြားပေးပြီး စစ်မြေပြင်တွင် ခြေလျင်တပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်အောင်လည်း လေ့ကျင့်သင်ကြားပေးခဲ့သကဲ့သို့ စာပေပညာရပ်နှင့် ပတ်သက်လျှင်လည်း အရပ်ဘက်သူနာပြုတက္ကသိုလ်ဆင်းပညာသည်များနှင့် တတ်မြောက်မှုချင်း တန်းတူဖြစ်အောင် သက်ဆိုင်ရာပါမောက္ခ၊ ဆရာ ဆရာမများနှင့် နည်းပြများက သင်ကြားပေးခဲ့ကြပြီးဖြစ်ကြောင်း၊ အထူးပြုပညာရပ်များ အနေဖြင့် သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နဲ့ ပုံရိပ်ဖော်နည်းပညာ)၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှု နည်းပညာ) စသည့်ဘွဲ့များကို နိုင်ငံတကာတက္ကသိုလ် စံနှုန်းများနှင့်အညီ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထူးချွန်သည့် စစ်သည်များသည် ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဆည်းပူးခွင့်ရကြဦးမည်ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရန် လိုကြောင်း၊ ဒီနေရာတွင် "ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်"ဆိုသည့်အတိုင်း ကျန်းမာသန်စွမ်းပါမှ နိုင်ငံတော်အပေါ် ကျရောက်လာမည့် ရန်စွယ်ဟူသမျှကို ချေမှုန်းနိုင်မှာဖြစ်ပြီး တိုက်စွမ်းအားကိုလည်း အပြည့်အဝ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး အမြဲတမ်းကောင်းမွန်နေရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုတင် အကာအကွယ်ပေးခြင်းလုပ်ငန်းနှင့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများသည် အဓိကလုပ်ငန်းတာဝန်ဖြစ်သကဲ့သို့ ပြည်သူက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်သားများပီပီ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တစ်ဖက်တစ်လမ်းက ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေဝေလျင်၊ ပခုက္ကူရေဘေး၊ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာအရေးအခင်း စသည့် နိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ်တွင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခဲ့တိုင်း ဆေးဝန်ထမ်းအဖွဲ့ဝင်များသည် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ဝေးလံခက်ခဲသည့် နေရာဒေသများအထိ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြသကဲ့သို့ နယ်စွန်နယ်ဖျားဒေသများတွင်လည်း တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိသည်ကိုလည်း အသိပေးလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တိုင်းပြည်အပေါ် ကျရောက်လာသည့် မည်သည့်ဘေးဒုက္ခမျိုးကိုမဆို ကာကွယ်စောင့်ရှောက်သည့် မွန်မြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိသည့် မိမိတို့နိုင်ငံတွင် နေရာဒေသအသီးသီးများတွင် တာဝန်ထမ်းဆောင်ရာ၌ တိုင်းရင်းသားလူမျိုးစုအသီးသီးနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ရောက်ရာဒေသအသီးသီးတွင် တွေ့ဆုံရမည့် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဂရုပြု ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နယ်မြေအနေအထားဝေးကွာမှု၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲမှု၊ ဘာသာစကားကွဲပြားခြားနားမှုများကြောင့် အမြင်မတူညီသည့် တိုင်းရင်းသားများကိုလည်း စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရရှိအောင် တတ်ထားသည့်ပညာများနှင့် ကူညီစွမ်းဆောင်ကြိုးပမ်းကြရမည်

ဖြစ်ကြောင်း။

သမိုင်းကြောင်းအရ တပ်မတော်သည် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်သည့် ပြည်ပကျူးကျော်မှုမျိုးကိုလည်း ပြည်သူများနှင့်အတူ တစ်သားတည်းရှိပြီး ပူးပေါင်းချေမှုန်းနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက်ဆိုလျှင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်နိုင်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းဆောင်နိုင်မှုသည်လည်း တပ်ပြင်စည်းရုံးရေးတွင် အဓိကအထောက်အကူဖြစ်စေတာကိုလည်း သတိပြုကြရန် လိုအပ်ကြောင်း၊ စည်းရုံးရေးဆိုသည် ခဏတာဆောင်ရွက်၍မရဘဲ ထာဝရဆောင်ရွက်ရတာဖြစ်၍ ရောက်ရှိရာဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရင်း ပြည်သူ့စစ် မဟာဗျူဟာကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ကို ခေတ်မီကာ စွမ်းရည်ရှိပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် လက်ဆင့်ကမ်း တည်ဆောက်ကြရာတွင် စွမ်းအားနှင့် အတတ်ပညာများကို တစ်ထောင့်တစ်နေရာက အသုံးချသွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ဆိုလျှင် စစ်ရေးနည်းလမ်းတစ်ခုတည်းသာ မဟုတ်တော့ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် ဘက်ပေါင်းစုံက လုံခြုံမှုရှိအောင် လိုအပ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်တစ်ခုတည်းသာမကဘဲ အမြင်လေးမြင်ပါရှိရန် လိုအပ်ကြောင်း၊ နိုင်ငံသားများနှင့် တပ်မတော်သားများလုံခြုံရေးအတွက် ကျန်းမာရေးဝန်ထမ်းများပီပီ ကျန်းမာရေးလုံခြုံမှုနှင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ကျန်းမာရေးပညာပေးခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများကိုပါ မိမိရောက်ရှိသည့် ဒေသများမှာဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ရောက်ရှိကြသည့်အခါ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ခါစ မိမိတို့နိုင်ငံကို ကမ္ဘာ့နိုင်ငံအချို့တွင် ကြံ့တွေ့နေရသည့် အသွင်ကူးပြောင်းရေးကာလ မတည်ငြိမ်မှုများကို သင်ခန်းစာယူပြီး အေးချမ်းတည်ငြိမ်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်အောင် တပ်မတော်က နိုင်ငံနှင့်အတူ အကောင်အထည်ဖော်ဆောင်လျက်ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများတွင်လည်း အလေးထားကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒီလိုအကောင်အထည်ဖော်ရာတွင် တပ်မတော်အား (၁၀)ပါး ပြည့်စုံရေးနှင့် ဒီလိုပြည့်စုံရန် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်း၀ါးပါးကို ပြည့်ဝအောင် တစ်ဦးချင်းကအစ ကြိုးပမ်းသွားကြရန်လိုကြောင်း၊ ၂၀-၁၂-၂၀၁၃ ရက်နေ့ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) ကျောင်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိန့်ကြားခဲ့သည်ကိုလည်း ထပ်မံပြီးအသိပေးမှာကြားလိုကြောင်း၊ ယခုလို ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲဘော်တို့သည်လည်း ပြည်သူ့တပ်မတော်သားများပီပီ တပ်မတော်၏ အက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသာမက နယ်ဘက်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာရန် လိုသကဲ့သို့ စစ်သည်တော်ကျင့်ဝတ် (၆၀)ကိုလည်း ခါးဝတ်ပုဆိုးလို မြဲမြဲအောင် လိုက်နာဆောင်ရွက်ကြရမည်။ စစ်သည်တော်ကျင့်ဝတ်များကို လေးစားလိုက်နာခြင်းဖြင့် ပြည်သူကို စည်းရုံးပြီးသားဖြစ်သည်ဆိုတာကိုလည်း သိထားရန်လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်နှင့် ပတ်သက်၍လည်း မှာကြားလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးဟာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ၎င်းကိစ္စနှင့် ပတ်သက်ပြီး တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဆင်းပွဲမှာပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော် တစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်အရေးကြီးသည့် လုပ်ငန်းတွေဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသားတွေအပေါ် ထားရှိသည့် နိုင်ငံတော်နှင့် တပ်မတော်၏ စိတ်ရင်းစေတနာမှန်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မည်ဟုလည်း ယုံကြည်ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်နိုင်တာနှင့်အမျှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားများအပေါ် သွေးချင်းညီနောင်များစိတ်ဓာတ်နှင့် သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သည့် ကိစ္စရပ်များတွင် အလေးထားပါဝင်လုပ်ဆောင်သွားကြခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်း ဖော်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း မိန့်ကြားမှုကိုလည်း ထပ်မံ၍ အသိပေးလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်ကို တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့ဖြင့် တည်ဆောက်ကြရာတွင် ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျွမ်းကျင်ပိုင်နိုင်စွာ တတ်အပ်သည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များကို အရည်အသွေးများ ပြည့်ဝပိုင်ဆိုင်လာအောင် ပြောင်းလဲတိုးတက်နေသည့် သူနာပြုနှင့် ဆေးဘက်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ကာ လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအတွက်သာမက မိခိုသူမိသားစုဝင်များ သက်သာချောင်ချိရေးအတွက် ရသင့်ရထိုက်သည့် ခံစားခွင့်များကို အချိန်မီ မှန်မှန်ကန်ကန် အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးနိုင်ရမည်။ ယခုလို လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးများ ပြည့်စုံပြီးဆိုလျှင် စစ်သည်များ၏ စိတ်ဓာတ်သည်လည်း အလိုအလျောက် မြင့်မားတိုးတက်လာမှာပင်ဖြစ်ကြောင်း။

စစ်ပွဲတစ်ခု အောင်နိုင်ရေးအတွက် ခြေလျင်၊ ခြေမြန် တပ်တွေနှင့်သာမကဘဲ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် အထူးပင် လိုအပ်ကြောင်း၊ ယခုအချိန်တွင် တပ်မတော်သည် နိုင်ငံတကာ တပ်မတော်များ နည်းတူ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး တပ်မတော်သားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ ကာယ၊ ဉာဏ၊ စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တိုက်ခိုက်ရေးနှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင်အားလုံး၏ စွမ်းဆောင်ရည်များ ထက်မြက်ပြည့်ဝမှုရှိစေရေးကိုပါ ဟန်ချက်ညီအောင် ထိန်းကျောင်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက ကိုယ်တိုင်ခံယူချက် ပြည့်ဝစွာနှင့် သတိရှေ့ဆောင်ပြီး မိမိကိုယ်မိမိ တည်ဆောက်သွားကြရန် လိုကြောင်း။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ" ဆိုသည့်အတိုင်း တပ်မတော်သားတွေနှင့် မိသားစုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စေတနာအပြည့်အဝထားဆောင်ရွက်ပေးကြရန် လိုကြောင်း၊ စစ်သည်များသည် ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ပင်ပန်းဆင်းရဲခံကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ပြီး တာဝန်ထမ်းဆောင်ကြရသကဲ့သို့ သူတို့၏ မိသားစုများသည်လည်း ဝေးလံသည့် ဒေသများတွင် နေထိုင်ကြတာဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါ မိမိ၏မိသားစုအရင်းများသကဲ့သို့ သဘောထားပြီး ကြင်ကြင်နာနာနှင့် ဆက်ဆံဆောင်ရွက်ပေးကြရင်း မိမိတို့၏ အနာဂတ်ခရီးလမ်းလျှောက်လှမ်းရာတွင် စည်းကမ်းရှိပြီး တာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားကြမည်ဆိုလျှင် အနာဂတ်ဘဝခရီးတွင် အောင်မြင်မှုများက ငုံ့လင့်နေတာကို မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ ဒီနေရာတွင် ရာထူးဌာနန္တရနှင့်ပတ်သက်လျှင် ရခြင်း/မရခြင်းသည် ရဲဘော်တို့ကိုယ်တိုင် ပစ္စုပ္ပန်ရော အနာဂတ်ကာလများတွင်ပါ မဆုတ်မနစ် ကြိုးစားရန်လိုသကဲ့သို့ အတိတ်ကာလအကျိုးဆက်များ၏ ဆက်စပ်မှုများအပေါ်တွင်လည်း မူတည်နေသည်ဆိုသည်ကိုလည်း မမေ့ကြရန်လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားကြရန်၊ တပ်မတော်၏ တိုက်စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို အစွမ်းကုန်ကြိုးစားထမ်းဆောင်သွားကြရန်၊ ရောက်ရှိရာဒေသများတွင် တပ်မတော်သားမိသားစုဝင်များကိုသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ပါ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်၊ တပ်မတော်သားတစ်ယောက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ် ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန်၊ စစ်ပညာနှင့် ဆေးပညာကို ဆက်လက်လေ့လာဆည်းပူးရင်း နိုင်ငံတော်နှင့် တပ်မတော်၏ အဖိုးမဖြတ်နိုင်သည့် သားကောင်းရတနာမျိုးဖြစ်အောင် ကျင့်ကြံကြိုးစားသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချိုဝင်းသည် သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဝန်ထမ်းများအတွက် အားဆေးတစ်ခွက်

သူရဇော်(သတင်းစဉ်)

ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးတွင် လိုအပ်သောစက်ပစ္စည်းများ အချိန်မီရရှိအောင် ဝယ်ယူခြင်း၊ ဌားရမ်းခြင်း၊ ကျွမ်းကျင်သည့် နိုင်ငံခြားကုမ္ပဏီများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပသတင်းထောက်များ သတင်းရယူပေးပို့နိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲကျင်းပစဉ်ကာလ၌လည်း ဒေသအသီးသီးတွင် ကျင်းပနေသော ပြိုင်ပွဲကျင်းပနေပုံများကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ သတင်းလွှာများအပြင် Internet Website နှင့် Facebook တို့မှလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့သည်။ ထို့ပြင် လူအများ စိတ်ဝင်စားသော အားကစားပြိုင်ပွဲများကိုလည်း ရုပ်မြင်သံကြားလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditoriumခန်းမ၌ ပြုလုပ်ခဲ့ပါသည်။**(အပေါ်ယာပုံ)**

ယခုကဲ့သို့ပြုလုပ်ခြင်းမှာ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးတာဝန်များကို ရုပ်သံလွှင့် မီဒီယာ၊ ပုံနှိပ်မီဒီယာနှင့် အင်တာနက်မီဒီယာတို့မှတစ်ဆင့် ပြန်ကြားထုတ်လွှင့်ပေးခြင်း၊ ပြည်တွင်း ပြည်ပမီဒီယာများ သတင်းရယူခွင့်နှင့်သတင်းဆက်သွယ်ပေးပို့မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညှိနှိုင်းစီစဉ်ပေးခြင်း၊ သတင်းထောက်များနှင့်အားကစားသမားများအတွက် ဆက်သွယ်ဆက်ဆံရေးအရာရှိများက ကူညီဆောင်ရွက်ပေးခြင်းတို့ကို အောင်မြင်အောင်ဆောင်ရွက်ပေးခဲ့ကြသော ဝန်ထမ်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော မီဒီယာအဖွဲ့အစည်းများကို မှတ်တမ်းတင်ဂုဏ်ပြုခြင်းဖြစ်ပြီး ဂုဏ်ပြုပွဲသို့ ဝန်ထမ်းပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပစဉ်ကာလ တစ်လျှောက် ပြန်ကြားရေးဆိုင်ရာ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို တာဝန်ရှိသူများက အခုလို ရှင်းပြခဲ့ပါသည်-

ဦးမျိုးမြင့်အောင်(ညွှန်ကြားရေးမှူး-ရုပ်မြင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဒီနေ့အခမ်းအနားက Sea Games မှာ ပြန်ကြားရေးဝန်ကြီးဌာန လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးလုပ်ငန်းဆင်ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေ အောင်မြင်အောင် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ဝန်ထမ်းတွေကို ချီးကျူးဂုဏ်ပြုတဲ့ပွဲဖြစ်ပါတယ်၊ ဒီလုပ်ငန်းတာဝန်တွေကို ကျွန်တော်တို့ဝန်ကြီးဌာနနဲ့အတူ မီဒီယာမိတ်ဖက်ဖြစ်တဲ့ Sky Net ရုပ်သံနဲ့ Forever Group ရုပ်သံလိုင်းတွေ အားလုံးပေါင်းစပ်ပြီး ဒီပြိုင်ပွဲကြီး အောင်မြင်ပြီးဆုံးသည်အထိ အတူလက်တွဲ ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါကြောင့် အခုလိုဂုဏ်ပြုချီးမြှင့်တဲ့ပွဲမှာ ထည့်သွင်းခဲ့ခြင်းဖြစ်ပါတယ်၊ အခုပွဲကလည်း ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ပါဘူး။ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တဲ့ မီဒီယာတွေကိုပါ ချီးမြှင့်တဲ့ပွဲဖြစ်ပါတယ်။

ဦးအောင်ငွေ(ဒုတိယညွှန်ကြားရေးမှူး)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)

အခုဆီးဂိမ်းပြိုင်ပွဲမတိုင်ခင် ၂၀၁၂ ခုနှစ် ဇွန်လကစပြီး လုပ်ငန်းစီမံချက်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းရေးဆွဲပါတယ်၊ စီမံချက်အပေါ်မူတည်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် တာဝန်ထမ်းဆောင်ကြမယ့် ဓာတ်ပုံဆရာတွေ၊ ဆက်ဆံရေးအရာရှိ တွေကို စတင်ပြီးသင်တန်းပေးပါတယ်၊ သင်တန်းတွေကိုတော့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ သုံးနေရာခွဲပြီး သင်တန်းပေးပါတယ်၊ ၎င်းသင်တန်းတွေထဲကနေ ထပ်မံရွေးချယ်တဲ့အခါမှာ ဓာတ်ပုံရိုက်ကူးရေးအတွက် ၅၄ ဦး ကို ရွေးထုတ်ပြီး ပြိုင်ပွဲကျင်းပမယ့် နေရာလေးခုမှာ တာဝန်ချထားခဲ့ပါတယ်၊ အလားတူ ဆက်ဆံရေးအရာရှိ လေးဆယ်ကို ရွေးချယ်ပြီး မီဒီယာသမားတွေနဲ့ ပွဲကြည့်ပရိသတ်တွေအတွက် ဆက်ဆံရေးအရာရှိလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်အောင် နေရာလေးခုမှာ ဖြန့်ခွဲ တာဝန်ချထားပေးခဲ့ပါတယ်၊ ဒါ့အပြင် ဝန်ကြီးဌာနက လွှင့်တင်ထားတဲ့ အင်တာနက်စာမျက်နှာမှာလည်း ဆီးဂိမ်းပြိုင်ပွဲ သတင်းတွေနဲ့ ဓာတ်ပုံတွေကို အချိန်နဲ့တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဦးမျိုးမြင့်သောင်း(ဒုတိယညွှန်ကြားရေးမှူး-သတင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ အပိုင်းနှစ်ပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ပါတယ်၊ ပထမအပိုင်းက ပုံနှိပ်မီဒီယာအပိုင်းပါ၊ ပုံနှိပ်မီဒီယာအပိုင်းအနေနဲ့ ကျွန်တော်တို့ဌာနမှာရှိတဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ နယူးလိုက်အော့(ဖ)မြန်မာသတင်းစာသုံးစောင်မှာ ဆီးဂိမ်းအကြို၊ ဆီးဂိမ်းပြိုင်ပွဲကာလနဲ့ ပြိုင်ပွဲပြီးဆုံးသည်အထိ အားကစားပြိုင်ပွဲသတင်းများနဲ့ လူထုစည်းရုံးလှုံ့ဆော်ရေးသတင်းဆောင်းပါးတွေကို အချိန်နဲ့တစ်ပြေးညီဖော်ပြပေးခဲ့ပါတယ်၊ ဒါ့အပြင် ဆီးဂိမ်းသတင်းလွှာကိုလည်း မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ နေ့စဉ်ထုတ်ဝေဖြန့်ချိပေးခဲ့ပါတယ်၊ ဒုတိယ အပိုင်းအနေနဲ့ Main Press Center ဖွင့်လှစ်ပြီး ပြည်တွင်း၊ ပြည်ပသတင်းထောက်တွေ သတင်းနှင့် ဓာတ်ပုံရယူဆောင်ရွက်နိုင်ဖို့၊ အင်တာနက်အသုံးပြုပေးပို့နိုင်ဖို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီးဦးပိုက်ထွေးက "ဝန်ထမ်းများအနေနဲ့ စက်ပစ္စည်းကိရိယာအသစ်များနှင့် နည်းပညာအသစ်အဆန်းတွေကို နိုင်ငံခြားသားပညာရှင်တွေနဲ့အတူ ကျွမ်းကျွမ်းကျင်ကျင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်၊ လုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရုံသာမက ခေတ်မီနည်းပညာအသုံးပြုမှု အတွေ့အကြုံသစ်တွေ ရရှိတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်၊ တွေ့ကြုံရတဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး အကောင်းဆုံးနှင့် အောင်မြင်အောင် လုပ်ဆောင်ခဲ့ကြတဲ့ အတွက် အလွန်ဝမ်းသာဂုဏ်ယူပါတယ်၊ ယခုအတွေ့အကြုံတွေဟာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဆောင်ရွက်သွားမယ့် ထိပ်သီးအစည်းအဝေးကြီးတွေအပါအဝင် အစည်းအဝေးတွေနဲ့ အခမ်းအနားတွေအတွက် အထောက်အကူဖြစ်စေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေဖြစ်ပြီး ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးလုပ်ငန်းတွေကို အခုလိုပဲအောင်မြင်မှုရရှိသည်အထိ တာဝန်ကျေပွန်စွာဆောင်ရွက်ပေးနိုင်ကြပါစေ"ဟု တိုက်တွန်းပြောကြားခဲ့ပါသည်။

ယင်းအခမ်းအနားတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၊ ရွှေသံလွင်မီဒီယာဂရုပ်(၆)နှင့် Forever Group တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများပေးအပ်ခဲ့ပါသည်။

ဂုဏ်ပြုပွဲပြုလုပ်ပေးမှုနှင့် ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်/သံကျွမ်းကျင်(၁) ဦးကျော်မျိုးဝင်းက "ဆီးဂိမ်းပြိုင်ပွဲကာလက မဏ္ဍိုရတနာကျောက်စိမ်းခန်းမမှာ ဖွင့်လှစ်ထားတဲ့ International Broadcast Center(IBC) မှာ သတင်းအယ်ဒီတာ တာဝန်နဲ့တိုက်ရိုက်ထုတ်လွှင့်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး ကြိုးစားခဲ့ပါတယ်။ လုပ်ငန်းမှာ ပျော်ရွှင်ခဲ့ရတဲ့အချိန်တွေရှိသလို အခက်အခဲတွေ့ခဲ့ရတဲ့အချိန်တွေလည်း ရှိပါတယ်။ ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးတဲ့နောက်မှာ အခုလိုဂုဏ်ပြုပွဲကျင်းပပေးတာဟာ ဝန်ထမ်းတွေ စိတ်ပျော်ရွှင်မှုရရှိအောင်နဲ့ နောက်ထပ်လုပ်ငန်းတွေအတွက် အားအင်တွေရရှိအောင် ထပ်ပြီးမွေးဖွားပေးလိုက်တယ်လို့ ခံစားရပါတယ်။ ဝန်ထမ်းတွေအနေနဲ့ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ "ကျွန်မကတော့ သတင်းဗဟိုဌာန (Main Press Center-MPC)မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပြည်တွင်း ပြည်ပမီဒီယာသမားတွေအတွက် အခက်အခဲအမျိုးမျိုးကြားက ဝန်ဆောင်မှုလုပ်ငန်းတွေကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုကျွန်မတို့ရဲ့ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ အပေါ် အသိအမှတ်ပြုပြီး ဂုဏ်ပြုပွဲပြုလုပ်ပေးတဲ့အတွက် ဝန်ထမ်းတွေအနေနဲ့ မောပန်းခဲ့ရတာတွေ ပြေပျောက်ပြီး ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်နေကြပါတယ်၊ အားအင်တွေ ပြန်ပြည့်လာသလို ခံစားရတဲ့အတွက် ဆက်ပြီးတော့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ လက်ထောက်မန်နေဂျာ(မှတ်တမ်း) ဒေါ်တင်မာဝင်းက ပြောပြသည်။

ဦးမျိုးမြင့်သောင်း
(ဒုတိယညွှန်ကြားရေးမှူး-သတင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

မြန်မာနိုင်ငံ၏ ခေတ်သစ်၊ စနစ်သစ်ကာလတွင် နိုင်ငံတကာနှင့် သက်ဆိုင်သည့် ပြိုင်ပွဲများ၊ အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခဲ့ပြီဖြစ်ရာ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအတွက် အတွေ့အကြုံသစ်များ ရရှိခဲ့သည်မှာ ကေန်မလွဲပင်ဖြစ်သကဲ့သို့ အခက်အခဲအမျိုးမျိုးနှင့်လည်း တွေ့ကြုံ ရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။

ဆက်လက်၍လည်း ထိုထိုကဲ့သို့ သောတာဝန်များကို ထမ်းဆောင်ကြရဦးမည်ဖြစ်ရာ ယခုကဲ့သို့ ဂုဏ်ပြုပွဲပြုလုပ်ပေးလိုက်ခြင်းသည် ဝန်ထမ်းများအတွက် အမောပြေစေပြီး ထပ်မံရောက်ရှိလာမည့် တာဝန်များကို ထမ်းဆောင်ရန်တွန်းအားတစ်ရပ်ဖြစ်စေသကဲ့သို့ အားဆေးတစ်ခွက်တိုက်ကျွေးလိုက်ခြင်းလည်း ဖြစ်ပါသည်ဟု နားလည်ခံယူမိပါကြောင်းတင်ပြလိုက်ရပါသည်။ ။

# နီပေါနိုင်ငံ ရွေးကောက်ပွဲအကြောင်း တရေတရောင်း

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က ကျင်းပခဲ့သော နီပေါနိုင်ငံ၏ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ (Constituent Assembly Election 2013, Nepal)ကို စာရေးသူသည် နိုင်ငံတကာလေ့လာသူ (International Observer) တစ်ဦးအဖြစ် အကဲခတ်ခွင့်ရရှိခဲ့ပါသည်။ ကာတာစင်တာ (The Carter Center)က ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲအကြောင်း မဖော်ပြမီ နီပေါနိုင်ငံနှင့် ကာတာစင်တာများနှင့် ပတ်သက်၍ အနည်းငယ်မိတ်ဆက်ပေးလိုပါသည်။

**နီပေါနိုင်ငံ**

နီပေါနိုင်ငံ (Federal Democratic Republic of Nepal)၏ အကျယ်အဝန်းမှာ (၁၄၇၁၈၁) စတုရန်းကီလိုမီတာ (မြန်မာနိုင်ငံ၏ ငါးပုံတစ်ပုံခန့်)ရှိပြီး လူဦးရေသည် ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ၂၆၄၉၅၅၀၄ ရှိသဖြင့် လူဦးရေသိပ်သည်းခြင်း (population density)သည် တစ်စတုရန်းကီလိုမီတာလျှင် ၁၈၀ ခန့်ဖြစ်သည်။ ကိုးကွယ်သည့်ဘာသာအနေဖြင့် ဟိန္ဒူဘာသာ ၈၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ ၉ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကီရတ်ဘာသာ (Kirat) ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ခရစ်ယာန် ၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားဘာသာ ငါးဘာသာသည် ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။ နီပေါလူမျိုးများ၏ ပျမ်းမျှသက်တမ်းမှာ အမျိုးသား ၆၄ ဒသမ ၃၂ နှစ်ဖြစ်ပြီး အမျိုးသမီး ၆၆ ဒသမ ၆၃ နှစ်ဖြစ်သည်။ နိုင်ငံတော်၏ စုစုပေါင်း GDP (nominal)သည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၂၁ ဘီလီယံ (၂၀၁၂ ခုနှစ် ခန့်မှန်း)ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ GDP (nominal) သည် အမေရိကန်ဒေါ်လာ ၇၄၃ (၂၀၁၂ ခုနှစ်ခန့်မှန်း) ရှိသည်။

နီပေါနိုင်ငံတွင် ၂၀၀၈ ခုနှစ်က ရွေးကောက်ပွဲကျင်းပခြင်းဖြင့် နှစ်ပေါင်း (၂၃၉)နှစ်တိုင်တိုင် သက်ဆိုးရှည်ခဲ့သော သက်ဦးဆံပိုင်ဘုရင်စနစ်ကို အဆုံးသတ်ခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။

**ကာတာစင်တာ**

ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးဖြစ်သူ ရိုစလင်းကာတာတို့က ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ကာတာစင်တာသည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး အမြတ်အစွန်းမယူသော အဖွဲ့အစည်းလည်းဖြစ်သည်။ ကာတာစင်တာကို စီးပွားရေးလောကမှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ပညာတတ်ပုဂ္ဂိုလ်များ၊ အစိုးရအရာရှိဟောင်းများနှင့် နာမည်ကျော် ပရဟိတအလှူရှင်များ ပါဝင်သော ဂုဏ်ထူးဆောင် ဘုတ်အဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံပေါင်း ၇၀ ကျော်ရှိ ပြည်သူများ၏ ဘဝအဆင့်အတန်း မြင့်မားလာအောင် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းအဖွဲ့၏ နိုင်ငံတကာ ပဋိပက္ခများအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ဦးတည်ကြိုးပမ်းခဲ့မှု၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သမ္မတဟောင်း ဂျင်မီကာတာသည် ၂၀၀၂ ခုနှစ်တွင်

**PR စနစ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၁၂၂ ပါတီ၏ သင်္ကေတများကို ဖော်ပြထားသော ဆန္ဒမဲလက်မှတ် (အရွယ်အစား ၁၅ လက်မ× ၂၀ လက်မ)။**

နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံရသည်။

ကာတာစင်တာသည် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ်မှစတင်၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။ နီပေါနိုင်ငံတွင် ၂၀၀၃ ခုနှစ်က စတင်ရုံးစိုက်ဆောင်ရွက်ခဲ့ပြီး ယခုကျင်းပပြီးစီးခဲ့သည့် နီပေါနိုင်ငံ ရွေးကောက်ပွဲသည် ကာတာစင်တာမှ နိုင်ငံတကာလေ့လာအကဲခတ်သူအဖြစ် ဆောင်ရွက်ခဲ့သော ၉၅ ခုမြောက် ရွေးကောက်ပွဲဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် နီပေါနိုင်ငံရွေးကောက်ပွဲအား ကာတာစင်တာမှ ကာလရှည်စောင့်ကြည့်လေ့လာသူ (Long Term Observer - LTO) နှင့် ကာလတိုလေ့လာအကဲခတ်သူ (Short Term Observer - STO)ပေါင်း ၆၀ ကျော်က လေ့လာအကဲခတ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် နီပေါနိုင်ငံ ခတ္တမန္ဍူမြို့ရှိ ကာတာစင်တာ၌ တာဝန်ထမ်းဆောင်နေသူ ၁၃ ဦးရှိသည့်အပြင် ကာတာစင်တာဌာနချုပ်မှပုဂ္ဂိုလ်များလည်း လာရောက်ပူးပေါင်း ဆောင်ရွက်ခဲ့ကြ

**မဲဆန္ဒရှင် မှတ်ပုံတင်ကတ်တစ်ခုကို တွေ့မြင်ရပုံ။**

ကြောင်း၊ ဖော်ပြပါ LTO နှင့် STO များကို ကာတာစင်တာမှ လျှောက်လွှာခေါ်ယူပြီး ရွေးကောက်ပွဲ အတွေ့အကြုံရှိသူများ၊ နီပေါနိုင်ငံ၌ နေထိုင်လုပ်ကိုင်ခဲ့ဖူးသူများကို ဦးစားပေးရွေးချယ်ခဲ့ရာ နိုင်ငံပေါင်း ၂၀ ကျော်မှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်း**

နီပေါရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များအား မဲစာရင်း မှတ်ပုံတင်ပေးခြင်းလုပ်ငန်း (Voter Registration)ကို ပြီးခဲ့သည့် နှစ်နှစ်ခန့်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မှတ်ပုံတင်သည့်အဖွဲ့များက ရပ်ကွက်တစ်ခုချင်း၊ ကျေးရွာတစ်ခုချင်းအလိုက်ရွှေ့ပြောင်းပြီး လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ အသက် (၁၆)နှစ်ပြည့်ပြီးသူများအားလုံး လာရောက်မှတ်ပုံတင်နိုင်ကြောင်း၊ အိမ်တိုင်ရာရောက် လိုက်လံကောက်ယူခြင်း မဟုတ်ကြောင်း၊ လာရောက်မှတ်ပုံတင်သူ၏ ကိုယ်ရေးအချက်အလက်များကိုရေးမှတ်ပြီး ဓာတ်ပုံရိုက်ယူကာ အထောက်အထားအဖြစ် ပြေစာတစ်စောင် ပြန်ပေးလိုက်ကြောင်း သိရှိရပါသည်။ ရွေးကောက်ပွဲကျင်းပချိန်နီးသည့်အခါတွင် မိမိတို့နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် ယင်းပြေစာကိုပြသ၍ မဲဆန္ဒရှင်မှတ်ပုံတင်ကတ် (Voter Registration Card) ကို ထုတ်ယူရခြင်းဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အသက် (၁၈) နှစ်ပြည့်သည့် နီပေါနိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး မဲစာရင်းမှတ်ပုံတင်ရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၄ရက်ကို နောက်ဆုံးနေ့အဖြစ်သတ်မှတ်ခဲ့ရာ ၁၄-၇-၂၀၁၃ ရက်နေ့အထိ မဲစာရင်းတွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း ၁၂၁၄၇၈၆၅ ဦးရှိကြောင်း သိရှိရပါသည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ မဲဆန္ဒရှင်ပေါင်း ၁၄ သန်းကျော်ရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ယခုကဲ့သို့ ၁၂ သန်းကျော်သာရှိရခြင်းမှာ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသည့် နီပေါနိုင်ငံသား နှစ်သန်းခန့်ရှိပြီး (၁၈) နှစ်ပြည့်ပြီးသူအချို့ မဲစာရင်းမှတ်ပုံတင်ရန် မလာရောက်ကြခြင်းကြောင့် ဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖော်ပြပါမဲဆန္ဒရှင်များအား မဲစာရင်းတွင် မကျန်ရှိစေအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း ကာတာစင်တာမှ ထုတ်ပြန်ခဲ့ပါသည်။

**ရွေးကောက်ပွဲကော်မရှင်**

နီပေါနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင် (Election Commission of Nepal - ECN) တွင် Chief Commissioner - ဥက္ကဋ္ဌ တစ်ဦးနှင့် Commissioner - အဖွဲ့ဝင် လေးဦးရှိသည်။ ယင်းပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းမှာ (၆)နှစ်ဖြစ်ပြီး အသက် (၆၅)နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

ကော်မရှင်ရုံးချုပ်တွင် အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး ငါးဦးအပါအဝင် ရုံးဝန်ထမ်း ၁၄၇ ဦးရှိသည်။ ခရိုင်ကော်မရှင်ရုံး ၇၅ ရုံးတွင် District Returning Officer- ခရိုင်ရွေးကောက်ပွဲအရာရှိ ၇၅ ဦး အပါအဝင် ဝန်ထမ်းပေါင်း ၅၆၁ ဦးရှိသည်။

ရွေးကောက်ပွဲကျင်းပသည့် ကာလတွင် တရားသူကြီးများအား Returning Officer (RO) များအဖြစ်ခန့်အပ်ပြီး မဲဆန္ဒနယ်တစ်နယ်စီတွင် RO တစ်ဦးစီ တာဝန်ပေးအပ်သည်။

ရွေးကောက်ပွဲကျင်းပသည့် ကာလတွင် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများအား နေ့တွက်စရိတ် (DSA) ပေးသည်။ နေ့တွက်စရိတ်များအဖြစ် မဲရုံမှူး ရူပီး ၁၂၀၀ (မြန်မာငွေကျပ် ၁၂၀၀၀ ခန့်၊ အမေရိကန် တစ်ဒေါ်လာတွင် နီပေါရူပီးငွေ ၉၉ ဒသမ ၆၄ ရှိသည်)၊ ဒု - မဲရုံမှူး ရူပီး ၁၁၀၀ (မြန်မာငွေကျပ် ၁၁၀၀၀ ခန့်)နှင့် မဲရုံဝန်ထမ်း ရူပီး ၈၀၀ (မြန်မာ ငွေကျပ် ၈၀၀၀ ခန့်) ဖြစ်ကြောင်း၊ မြို့ပေါ်မှ မဲရုံများအား နေ့တွက်စရိတ် ငါးရက်စာပေးအပ်ပြီး ကျေးရွာမဲရုံများအား နေ့တွက်စရိတ် ခုနစ်ရက်စာပေးကြောင်း သိရှိခဲ့ရပါသည်။ (အခြားနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များအကြောင်းကို အခွင့်သင့်သည့် အခါ ရေးသားဖော်ပြပါဦးမည်။)

**မဲဆန္ဒနယ်**

နီပေါနိုင်ငံတွင် ခရိုင်ပေါင်း ၇၅ ခရိုင်ရှိရာ ယင်းတို့ကို မဲဆန္ဒနယ် (၂၄၀)အဖြစ် ခွဲခြားသတ်မှတ်ထားသည်။ မဲဆန္ဒရှင် အများဆုံးခရိုင်သည် ခတ္တမန္ဍူခရိုင်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၅၃၂၁၁၀ ရှိကာ ယင်းခရိုင်တွင် မဲဆန္ဒနယ် ၁၀ နယ်ရှိသည်။ မဲဆန္ဒရှင် အနည်းဆုံးခရိုင်သည် မင်နန်

**ကျေးရွာတစ်ရွာတွင် မဲဆန္ဒရှင် မှတ်ပုံတင်ကတ်များ ထုတ်ပေးနေပုံ။**

(Manang)ခရိုင်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၄၇၉၅ ဦးသာရှိပြီး မဲဆန္ဒနယ်တစ်နယ်သာ ရှိသည်။ ထို့ပြင် ဘက်တာပါ (Bhaktapur)ခရိုင်မှ မဲဆန္ဒနယ် အမှတ်(၂)သည် မဲဆန္ဒရှင်အများဆုံး မဲဆန္ဒနယ်ဖြစ်ပြီး ယင်းနယ်တွင် မဲဆန္ဒရှင်ပေါင်း ၈၂၂၁၈ အထိရှိသည်။

**ကိုယ်စားလှယ် ရွေးချယ်သည့်စနစ်**

နီပေါနိုင်ငံ၏ Constituent Assembly (CA) - တိုင်းပြုပြည်ပြုလွှတ်တော်တွင် နေရာ (seat)ပေါင်း ၆၀၁နေရာရှိသည်။ ယခု ရွေးကောက်ပွဲမှ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သဖြင့် Constituent Assembly ဟုခေါ်သော်လည်း ၎င်းတို့သည် Legislature - Parliament (L-P) - ဥပဒေပြုလွှတ်တော်၏ Member of Parliament (MP) - ပါလီမန်အဖွဲ့ဝင်များ ဖြစ်ကြသည်။ ယင်းနေရာများကို ရွေးချယ်ရာတွင် “First Past The Post System” (FPTP) - “နိုင်သူ အကုန်ယူစနစ်” နှင့် “Proportional Representation System” (PR) - “အချိုးကျကိုယ်စားပြုစနစ်” နှစ်မျိုးကိုတစ်ပြိုင်တည်း အသုံးပြုသည်။ ဖော်ပြပါ ၆၀၁ နေရာကို FPTP အတွက်နေရာ ၂၄၀၊ PR အတွက် ၃၃၅ နေရာသတ်မှတ်ပြီး ကျန် ၂၆ နေရာကိုမူ ဝန်ကြီးများကောင်စီက ရွေးချယ်ပေးသည်။

တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ်ပေါင်း ၂၄၀ ရှိရာ မဲဆန္ဒနယ်တစ်နယ်စီအတွက် ကိုယ်စားလှယ်တစ်ဦးကျကိုယ်စားပြုနိုင်ရန် FPTP စနစ်ကို ကျင့်သုံးသည်။ PR စနစ်အတွက်ထားရှိသည့် ၃၃၅ နေရာအတွက်မူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စုပေါင်းပြီး အချိုးကျခွဲဝေသည်။ ဥပမာ - တစ်နိုင်ငံလုံးတွင် မဲပေးသူစုစုပေါင်း ၉၆၀၀၀၀၀ ရှိသည်ဆိုလျှင် မဲဆန္ဒနယ် တစ်နယ်အတွက် အချိုးကျရရှိမည့် ဆန္ဒမဲပေါင်းသည် ၂၈၆၅၆ ဖြစ်သဖြင့် ဆန္ဒမဲပေါင်း ၂၈၆၅၆၀၀ ရရှိသည့် ပါတီကလွှတ်တော်ကိုယ်စားလှယ် ဦးရေ ၁၀၀ အချိုးကျ ရရှိမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် ကိုယ်စားလှယ် ၂၆ ဦးကို ဝန်ကြီးများကောင်စီက ရွေးချယ်ရာတွင် နိုင်ငံတော်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ ပညာရှင်များနှင့် ရွေးကောက်ပွဲ၌ ရွေးခြယ်ခြင်းမခံရသော လူနည်းစုတိုင်းရင်းသားမျိုးနွယ်များအား ဦးစားပေးရွေးချယ်ရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

နိုင်ငံရေးပါတီတစ်ခုသည် PR စနစ်တွင် ယင်းအချိုးကျ ရရှိထားသော လွှတ်တော်ကိုယ်စားလှယ်များကို ကန့်သတ်ချက်များအရ ရွေးချယ်ပေးရသည်။ ယောက်ျားနှင့် မိန်းမအချိုးမှာ ၅၀ : ၅၀ ဖြစ်ရုံသာမက ပါဝင်သင့်သည့် ဇာတ် (Caste)၊ တိုင်းရင်းသား စသည်များကိုပါ ရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးထားကြောင်း သိရှိရပါသည်။ ဥပမာ - ပါတီတစ်ခုမှ PR စနစ်ဖြင့် တစ်နိုင်ငံလုံးအတွက် လွှတ်တော်ကိုယ်စားလှယ်

**စာမျက်နှာ ၁၀ သို့ ✪**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းတက်ရောက်မိန့်ခွန်းပြောကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမ၌ ထူးချွန်ဆုရ သင်တန်းသားများနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာပေဌာန တစ်ထပ်စာသင်ဆောင်ရှိ ကျောင်းပြခန်းနှင့် လက်တွေ့ခန်းများကို လည်းကောင်း၊ သင်တန်းသားစားရိပ်သာရှိ စားချက်ဆောင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးတို့လိုက်ပါလျက် ရန်ကုန်မြို့ရှိ မြဝတီစာပေတိုက် **(အပေါ်ယာဝုံ)** နှင့် မြဝတီသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြဝတီစာပေတိုက် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စာပေတိုက်၊ သတင်းစာတိုက်တို့၏ ဦး၊ ရေး၊ ထောက်ဆိုင်ရာကိစ္စရပ်များနှင့် ပုံနှိပ်ထုတ်ဝေမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များမေးမြန်းပြီး ထုတ်လုပ်ဖြန့်ချိမှု ပိုမိုတိုးတက်ရေး ညွှန်ကြားပေါင်းစပ်ပေးသည်။

ထို့နောက် မြဝတီစာပေတိုက်အတွင်းရှိ စာကြည့်တိုက်၊ စာအုပ်စာစောင်နှင့် မဂ္ဂဇင်းများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မြဝတီသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)သို့ သွားရောက်၍ သတင်းစာရိုက်နှိပ်ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသမှုအပေါ် လိုအပ်ချက်များကို အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရတနာပုံသင်္ဘောကျင်းအနီး ကုန်တွဲရေယာဉ်ဂေဟော်ဇာမှ အောက်တိန်းဆီကန်ပေါက်ကွဲပြီး အမျိုးသမီးတစ်ဦး သေဆုံး

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့် ကမ်းနားလမ်း ရတနာပုံ သင်္ဘောကျင်းအနီးတွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ကုန်တွဲရေယာဉ် ဂဟော်ဇာရာမှ အောက်တိန်းကန်ဆီအင्ဂေ့ မီးလောင်ပေါက်ကွဲပြီး အမျိုးသမီးတစ်ဦးသေ၊ တစ်ဦးပျောက်ဆုံးကာ လေးဦးဒဏ်ရာရခဲ့သည်။

အဆိုပါ စီဘီ (၁၁၅၅) ကုန်တွဲရေယာဉ်သည် ဒီဇင်ဘာ ၂၆ ရက်က အောက်တိန်းဆီဂါလန် ခြောက်သိန်းတင်ဆောင်ကာ မန္တလေးရွှေကြက်ယက်ဆိပ်ကမ်းသို့ချအပြီး ရတနာပုံ သင်္ဘောကျင်းအနီး ကျောက်ချရပ်နားကာ ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းများသို့ ပို့ဆောင်ရန် ကျောက်သေး ၁၈၆ ကျင်းတင်ဆောင်ထားသည်။ ကုန်တွဲရေယာဉ် ပြန်လည်ထွက်ခွာခါနီး နံနက် ၉ နာရီတွင် ကျောက်ချခုံမောင်းကျိုးနေသဖြင့် ဂဟော်ဇာခိုင်းရာမှ တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး အောက်တိန်းငွေ့များရှိသည့်ကန်သို့ မီးကူးကာ ပေါက်ကွဲနစ်မြုပ်ခြင်းဖြစ်သည်။

ကုန်တွဲရေယာဉ်မှာ အလျားပေ ၂၀၀၊ အနံ ၄၅ ပေ၊ အမြင့် ၁၀ ပေရှိ သံထည်အလုံပိတ် အမိုးပါရှိသည်။ အောက်တိန်းများ မရှိသော်လည်း အင्ဂေ့များခိုအောင်းကာ တည်ငြိမ်လျှပ်စစ်ကြောင့် မီးကူးစက်ပြီး ပေါက်ကွဲခဲ့သည်။ လောင်စာဆီကန်အမိုးပွင့်ထွက်မှုကြောင့် ကမ်းစပ်တွင်ရှိသော ဒေါ်သီသီအေး ပုသိမ်ကြီးမြို့နယ် နေသူမှာ အမိုးပွင့်ထွက် ပြုတ်ကျမှုကြောင့် ဒဏ်ရာရရှိကာ နေရာတွင်ပင် သေဆုံးခဲ့သည်။ အသက်ခြောက်နှစ်အရွယ် မသီရိနှင့် အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့သည်။ တစ်ဦးမှာ ပျောက်ဆုံးနေသဖြင့် ကြက်ခြေနီများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးကြသည်။

ဂေါဝိန်ဆိပ်ကမ်းတွင်နေထိုင်သူ တစ်ဦးက "သင်္ဘောပေါက်ကွဲမှုက ကြောက်စရာကြီး၊ မြေကြီးကို တုန်ခါသွားတာပဲ၊ အသံကြီးမြည်ဟည်းသွားတာပဲ"ဟု ပြောပြသည်။ အခင်းဖြစ်နေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်နှင့် ကြက်ခြေနီများ၊ လူမှုရေးအသင်းအဖွဲ့များ လာရောက်ကူညီကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော် ဆေးတက္ကသိုလ်၌ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။**(ဝဲပုံ)**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မဂ်လာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းဆင်းသူနာပြုများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က ကျောင်းဆင်းသူနာပြုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**◎ ကျောဖုံးမှ**

ပွဲစဉ်ဖြစ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့ခြင်းကြောင့် ပြိုင်ပွဲနှင့်ပတ်သက်သည့် တာဝန်ရှိသူများကို ဝေဖန်မှုများပြုလုပ်ခဲ့သည့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာကိုပင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်အထိ ဖြစ်ခဲ့ရသည်။

Boxing day အစတွင် ပရီမီယာလီဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော လီဗာပူးအသင်းသည် မန်စီးတီးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် အဆင့်(၄)နေရာသို့ ဆင်းပေးခဲ့ရခြင်းအပေါ် နည်းပြဘရန်ဒန်ရော့ဂျာက ပြိုင်ပွဲတွင် တာဝန်ယူကိုင်တွယ်ခဲ့သူများကို ဝေဖန်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို မန်စီးတီးနောက်ခံလူကွန်ပနီနှင့် တိုက်စစ်မှူး နီဂရိုဗိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

❒ ရှေ့နှုံးမှ

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ခန်းမအတွင်း ဖွင့်လှစ်ပြသထားသည့် တိုင်းရင်းဆေးခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။
(ဓာတ်ပုံ-ဌေးခိုင်)

နိုင်ငံတကာက အသိအမှတ်ပြုသည့်ဆေးပညာအဖြစ် ထင်ပေါ်လာမည်ဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုပြည့်စုံပြီး နိုင်ငံတကာမှ လက်ခံသုံးစွဲသည်အထိ ဖြစ်လာစေရန်၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်ကြရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးများ ...

ဖလှယ်ခဲ့ကြသည့် ရလဒ်များ၊ ချမှတ်သည့် လုပ်ငန်းစဉ်များကို ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးချခြင်း၊ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပေးနိုင်မည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ...

(၅)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း မန္တလေးမြို့၌ လက်ခံကျင်းပမည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

... မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

✻ သစ်လွင်တောက်ပမှ

... ဓာတ်ပုံရိုက်ကူးမှုများနှင့် ခရီးလှည့်လည်သွားလာမှုတို့သည် ယခင်နှစ်များထက် ပိုမိုသာလွန်ရောက်ရှိနေသည်ကို ရန်ကုန်မြို့တော်နေ ပြည်သူများ အနေဖြင့် သတိပြုဂုဏ်ယူရမည်ဖြစ်ပေသည်။ (စောသိန်းဝင်း)

❍ ဖုဗန်-အာဆီယံမှ

... ၂၀၁၂ ခုနှစ်အတွင်းကလည်း ယူ-၁၂ ဘောလုံးပြိုင်ပွဲ တစ်ရပ်ကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ဇုန်များခွဲ၍ ကျင်းပခဲ့သည်။

(မောင်မောင်ဇော်)

# (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တိုင်းရင်းဆေးဆရာအချင်းချင်းသာမက မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေ

**ဒီဇင်ဘာ ၂၇ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်သော (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်အချို့ကို တွေ့ဆုံ၍ တိုင်းရင်းဆေးလောက၏ လက်ရှိအခြေအနေနှင့် တိုင်းရင်းဆေးအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို သိရှိလို၍ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာထွန်းနိုင်ဦး**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ဓာတုဗေဒ ... ပြည်သူများဖြစ်ပါတယ်။ ကျေးလက်ဒေသပြည်သူတွေရဲ့ ကျန်းမာရေးအခြေခံလိုအပ်ချက်ကို လက်လှမ်း ... တိုင်းရင်းဆေးဟာ ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

**ဒေါ်နန်းဆိုင်သီရိအောင်**

(၁၂)မျိုးထုတ်လုပ်ပါတယ်။ မဟာဖြေဆေး၊ ချောင်းဆိုးပျောက်ဆေးတွေကို အဓိကထုတ်လုပ်ပါတယ်။

**ဦးမောင်မောင်ဦး**

ဒေါက်တာထွန်းနိုင်ဦး
(ညွှန်ကြားရေးမှူးချုပ်)

ဦးမောင်မောင်ဦး

ဦးထွန်းရွှေ

ဦးကြည်ဝင်း

ဦးကျော်သိန်းဌေး

ဦးတင်ဝင်း

ချက်တွေဟာလည်း တစ်နှစ်ထက်တစ်နှစ်ပိုပြီး ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ဆေးဝါးထုတ်လုပ်မှုအပိုင်း၊ ...

... တွေကို ဖလှယ်ကြခြင်းဖြင့် အနာဂတ်တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီးထိရောက်မှုရှိပါတယ်။

**ဒေါက်တာခင်တာရာမြင့်**
**ဆေးသုတေသနဦးစီးဌာန**
**(အောက်မြန်မာပြည်)**

ဦးကျော်ကျော်ဌေး

မမေမြှုနိုင်အောင်ဟိန်း



ဒေါက်တာခင်တာရာမြင့်

ဒေါ်နန်းဆိုင်သီရိအောင်

ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ရှူဆေး၊ သွေးကျဆေး၊ နှလုံးဆေး ...

(ကြေးမုံ)

# ဖားကမြွေကိုမျိုသည့် ထူးဆန်းသည့်ဖြစ်ရပ်

**ကျောက်တန်း ဒီဇင်ဘာ ၂၇**

သဘာဝဖြစ်စဉ်အလေ့အထ၏သဘောအရ မြွေကဖားကိုသာမျိုသည့် ဖြစ်စဉ်များသာရှိခဲ့သော်လည်း ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက် မဟာသုခလမ်းတွင် ဒီဇင်ဘာ ၂၇ရက် ...

**မောင်မောင်မြင့်ဌေး(ကျောက်တန်း)**

# (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ... ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများအား ကျေးလက်ဒေသ အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင် ... သင်ကြားရေးစနစ်များကို ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် အဆိုကို တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ကိုယ်စားလှယ် ...

ထို့အပြင် (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ ပေးပို့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ သဝဏ်လွှာပါ ဩဝါဒနှင့် မိန့်မှာချက်များကို ညီလာခံက ဂုဏ်ယူစွာမှတ်တမ်းတင်ထားပြီး လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း၊ ...

(သတင်းစဉ်)

**✪ စာမျက်နှာ ၆ မှ**

နေရာပေါင်း ၄၀ ကို အချိုးကျရရှိပါက ယင်းပါတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀ နှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၂၀ ကို ရွေးချယ်ပေးရမည့်အပြင် ၎င်းကိုယ်စားလှယ် ၄၀ တွင်လည်း အထက်ဖော်ပြပါ ဇာတ်နှင့် တိုင်းရင်းသား စသည်များကို သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း ပါဝင်အောင်ရွေးချယ်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် အထူးအရေးကြီးသည့်အချက်မှာ နိုင်ငံရေးပါတီတစ်ခုမှ PR စနစ်အတွက် ထုတ်ပြန်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်း (Nomination List)၌ FPTP စနစ်တွင် ဝင်ရောက်ရွေးချယ်ခံသည့် ၎င်းတို့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်ကို ထည့်သွင်းဖော်ပြခွင့်မရှိပါ။

**ရွေးကောက်ပွဲကျင်းပရန် ကြေညာခြင်း**

တရားသူကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော Interim Election Council (IEC) က နိုပေါနိုင်ငံ၏ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ (Constituent Assembly Election)ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက်က ကြေညာခဲ့သည်။

**နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီပေါင်း ၁၃၀ မှတ်ပုံတင်ခဲ့ပြီး ယခုရွေးကောက်ပွဲတွင် FPTP စနစ်အတွက် ပါတီ ၁၂၀ နှင့် PR စနစ်အတွက် ၁၂၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြပါသည်။ ထင်ရှားသော အဓိကနိုင်ငံရေးပါတီကြီး လေးပါတီမှာ - Nepali Congress (NC)၊ Coummunist Party of Nepal - United Maxist Leninist (CPN-UML)၊ Communist Party of Nepal - Maoist (CPN-M) နှင့် Unified Coummunist Party of Nepal [UCPN (M)] တို့ ဖြစ်ကြသည်။

**ကိုယ်စားလှယ်လောင်းများ**

နိုပေါနိုင်ငံ ရွေးကောက်ပွဲတွင် FPTP စနစ်အတွက် နိုင်ငံရေးပါတီ ၁၂၀ မှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၁၂၆ ဦးနှင့် PR စနစ်အတွက် နိုင်ငံရေးပါတီ ၁၂၂ ပါတီမှ ကိုယ်စားလှယ်လောင်း စုစုပေါင်း ၁၀၇၀၉ ဦး ဝင်ရောက်အရွေးခံခဲ့ကြသည်။

**မဲဆွယ်စည်းရုံးခြင်း**

နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးအတွက် အချိန်တစ်လတိတိပေးသည်။ ရွေးကောက်ပွဲ မကျင်းပမီ နှစ်ရက်အလိုတွင် မဲဆွယ်စည်းရုံးမှုအားလုံးရပ်ဆိုင်းရသည်။ မဲရုံနှင့် မီတာ ၁၀၀အတွင်း စည်းရုံးရေးပိုစတာများ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း စသည်များကို မပြုရန်တားမြစ်ထားသည်။

**ဆန္ဒမဲလက်မှတ်**

ဆန္ဒမဲလက်မှတ် နှစ်မျိုးရှိသည်။ FPTP စနစ်အတွက် အပြာရောင်ဖြစ်ပြီး အရွယ်အစားမှာ ၁၂ လက်မ × ၁၈ လက်မ ဖြစ်သည်။ PR စနစ်အတွက် ပန်းရောင်ဖြစ်ကာ အရွယ်အစားမှာ ၁၅ လက်မ × ၂၀ လက်မ ဖြစ်သည်။ FPTP မဲလက်မှတ်တွင် ကိုယ်စားလှယ်လောင်း၏အမည်ကို ဖော်ပြမထားဘဲ ၎င်းတို့ပါတီ၏ သင်္ကေတ (Symbol) များကိုသာ ဖော်ပြထားသည်။ စာရေးသူတို့အဖွဲ့ လေ့လာခဲ့သည့် မဲရုံများမှ မဲလက်မှတ်များအရ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်း ၂၈ ဦးမှ ၄၈ ဦးအထိ ရှိသည်။

PR မဲလက်မှတ်တွင်မူ ဝင်ရောက်အရွေးခံသည့် နိုင်ငံရေးပါတီ ၁၂၂ ပါတီ၏ သင်္ကေတများကို ဖော်ပြထားသည်။ ပါတီများ၏ သင်္ကေတများသည်လည်း လူအများမှတ်မိလွယ်သည့် အမှတ်အသားများ (ဥပမာ - နေ၊ သစ်ပင်၊ နွားထီး၊ မြား၊ သော့၊ အိမ်၊ လ၊ လှည်းဘီး၊ အလံ၊ ဟယ်လီကော်ပတာ၊ တယ်လီဖုန်း၊ နာရီ . . . ) ကိုသာ အသုံးပြုကြသည်။

**လေ့လာအကဲခတ်သူများ**

ယခုကျင်းပပြီးစီးခဲ့သည့် နိပေါနိုင်ငံရွေးကောက်ပွဲအား ပြည်တွင်းရှိလူမှုအဖွဲ့အစည်း (Civil Society Organization-CSO) ပေါင်း ၄၃ ဖွဲ့မှ နိပေါနိုင်ငံသား ပြည်တွင်းလေ့လာအကဲခတ်သူ [Domestic (Citizen) Observers]

**မဲရုံမှူးက မဲပုံးအား ပလတ်စတစ်ကြိုးဖြင့် ပိတ်ပြီးနောက် နံပါတ်များ ရေးမှတ်နေစဉ်။**

ပေါင်း ၂၃၀၀၀ ကျော် (မျက်မမြင်နှစ်ဦးအပါအဝင်)နှင့် နိုင်ငံတကာလေ့လာအကဲခတ်သူ (International Observers) ပေါင်း ၂၃၅ ဦး လေ့လာခဲ့ကြောင်း မှတ်သားရပါသည်။

လေ့လာသည့်နိုင်ငံတကာအဖွဲ့အစည်းများမှာ ကာတာစင်တာ၊ အီးယူ (European Union-EU)၊ International Foundation for Electoral Systems (IFES)၊ Asian Network for Free Election (INFREL)၊ International Institute For Democracy and Electoral Assistance (International IDEA) နှင့် The Asia Foundation တို့ ဖြစ်ကြသည်။ ထို့ပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီဟိုလင်္ကာ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဘူတန်၊ မော်လဒိုက်ဗ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများရှိ ရွေးကောက်ပွဲကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ကော်မရှင်နာများလည်း လာရောက်လေ့လာခဲ့ကြပါသည်။

ကာတာစင်တာမှကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးနှင့် ကာလတိုလေ့လာအကဲခတ်သူ ၆၆ဦး လေ့လာခဲ့ကြပါသည်။ ၄င်းတို့သည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ယူကေ၊ အိုင်ယာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ အာမေးနီးယား၊ ဘူဂေးရီးယား၊ ကာဂျစ်စတန်၊ ဆားဗီးယား၊ ကင်ညာ၊ ဘင်္ဂလားဒေ့ရှ်၊ မော်လဒိုက်ဗ်နှင့် မြန်မာ စသည့် နိုင်ငံပေါင်း ၃၁ နိုင်ငံမှဖြစ်ပါသည်။ မြန်မာနိုင်ငံမှ စာရေးသူတို့နှစ်ဦးမှာမူ သမ္မတ ဂျင်မီကာတာက အထူးဖိတ်ကြားခဲ့သည့် ကာလတိုလေ့လာသူများ ဖြစ်ပါသည်။ ကာလရှည် စောင့်ကြည့်လေ့လာသူများအား ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်ကတည်းက တာဝန်ပေးအပ်ထားကြောင်း သိရှိရပါသည်။

၁၄-၁၁-၂၀၁၃ ရက်နေ့ညတွင် ကာတာစင်တာမှ Welcoming Dinner ကျင်းပပေးရာ ဧည့်ခံသည့်ခန်းမသို့မဝင်မီ စာရေးသူတို့ Observer များအားလုံးတန်းစီကာ တစ်ဦးပြီးတစ်ဦးဝင်ရောက်၍ လက်တွေ့ဆန္ဒမဲပေးခဲ့ကြရပါသည်။ ဆန္ဒမဲပေးပုံကို ပြသပေးရန် အချိန်မရတော့သဖြင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားပါသည်။

ကာလတိုလေ့လာသူများသည် နိပေါနိုင်ငံရွေးကောက်ပွဲကို ၁၄-၁၁-၂၀၁၃ ရက်မှ ၂၃-၁၁-၂၀၁၃ ရက်နေ့ထိ လေ့လာခဲ့ကြရာ ၁၄-၁၁-၂၀၁၃ ရက်နှင့် ၁၅-၁၁-၂၀၁၃ ရက်နေ့က ကာတာစင်တာ၏လုပ်ငန်းစဉ်များ၊ နိပေါနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမည့် အခြေအနေများ၊ ကုလသမဂ္ဂက ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် "Decleration of Principles for International Election Observation" နှင့် "Code of Conduct for International Election Observers"၊ နိပေါရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများသာမက နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ဆက်နွယ်သူများအတွက် ထုတ်ပြန်ထားသည့် "Election Code of Conduct, 2013" စသည်များကို ကာတာစင်တာမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကာလရှည် လေ့လာသူတစ်ဦး ခေါင်းဆောင်ပြီး ကာလတိုလေ့လာသူ နှစ်ဦးနှင့် အဖွဲ့များ ဖွဲ့ကာ နိပေါတစ်နိုင်ငံလုံးသို့ ၁၆-၁၁-၂၀၁၃ ရက်နေ့မှ စတင်၍ စေလွှတ်ခဲ့ပါသည်။

စာရေးသူတို့အဖွဲ့ကို နိပေါနိုင်ငံရှိ ကာတာစင်တာတွင် ခြောက်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အမေရိကန်သူ Mrs. Sarah Levit Shore အား ဦးဆောင်စေပြီး ခတ္တမန္တုခရိုင်တွင် လေ့လာရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ၁၆-၁၁-၂၀၁၃ ရက်နေ့မှ ၁၈- ၁၁-၂၀၁၃ ရက်နေ့အထိ ခတ္တမန္တုခရိုင်မှ District Returning Officer နှင့် Returning Officer များအပြင် ယင်းခရိုင်အတွင်းရှိ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်များ၊ ပြည်တွင်းလေ့လာသူများ (Domestic Observer) များနှင့် နိုင်ငံတကာ လေ့လာသူများအား တွေ့ဆုံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ မဲဆန္ဒရှင် မှတ်ပုံတင်ကတ်ထုတ်ပေးသည့် နေရာများသို့ သွားရောက်လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မဲရုံပြုလုပ်မည့်နေရာများသို့ သွားရောက်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လေ့လာမည့်မဲရုံများအား ရွေးချယ်သတ်မှတ်ခြင်း၊ လမ်းကြောင်းရွေးချယ်ခြင်း စသည်များကို ဆောင်ရွက်ခဲ့ပါသည်။ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ လေ့လာမည့်မဲရုံသို့ မဲရုံမဖွင့်မီ နာရီဝက်စောၗ ရောက်ရှိရန်နှင့် မဲရုံပိတ်ခြင်းနှင့် ပတ်သက်၍ လေ့လာမည့် မဲရုံသို့လည်း မဲရုံမပိတ်မီ နာရီဝက်စော၍ ရောက်ရှိရန် အရေးကြီးသောကြောင့် ဖြစ်ပါသည်။ ***(ဆက်လက်ဖော်ပြပါမည်)***

**ပုလဲရတုတွေ့ဆုံပွဲ ဖိတ်ကြားခြင်း စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း၊ ပျဉ်းမနား) (၁၉၈၄-၁၉၉၂) စိုက်ပျိုးရေး၊ သစ်တောသူငယ်ချင်းများအားလုံး**

၂၀၁၄မှာ ကျင်းပမည့် ဆရာကန်တော့ပွဲနှင့် ပုလဲရတုတွေ့ဆုံပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ကန်တော့ပွဲ အစီအစဉ်- ၁၀-၁-၂၀၁၄ (သောကြာနေ့)၊ ပတ္တမြားခန်းမ၊ ညနေ (၅း၀၀)နာရီ
တည်းခိုရန်- ဧရာဝတီဟိုတယ်၊ တိုင်းရင်းသားကျေးရွာ၊ နေပြည်တော်
သွားလာရန်-၁၀-၁-၂၀၁၄ ရက်
မနက်လေးမှ - နံနက် (၅း၃၀) နာရီ
ရန်ကုန်မှ - နံနက် (၅း၀၀) နာရီတွင် ကားများ ထွက်ပါမည်။
နေ့လယ်စာ စားရန်- မောခမ်းနံ့ (သပြေကုန်းစျေး) နေပြည်တော်
ကိုယ့်အစီအစဉ်နှင့်လာပါက ၁၀-၁-၂၀၁၄ ရက် (၁၀- ၁၂း၀၀ နာရီ) မောခမ်းနံ့ (သပြေကုန်းစျေး)တွင် ဆုံကြပါမည်။
ညနေ ၅ နာရီတွင် ဆရာများကန်တော့ခြင်းနှင့် မိတ်ဆုံစားပွဲစပါမည်။
ည ၉ နာရီ ဧရာဝတီဟိုတယ်တွင် မီးပုံပွဲနှင့် ကာရာအိုကေပွဲ စပါမည်။
ကားဖြင့် လိုက်ပါမည့်သူများ ၄-၁-၂၀၁၄ရက်အတွင်း ဆက်သွယ်ပေးပါရန်
ဆက်သွယ်ရန်-
- ရန်ကုန် မခင်စန်းဝေ ဖုန်း ၀၉ ၇၃၀၄၇၇၉၀၊ မဓိုးဆန်း ဖုန်း-၀၉ ၄၂၁၀၇၂၃၉၇၊ မဆွေဆွေဦး ၀၉ ၇၃၀၅၁ခစာ၀၊ မသိဏ္ဍီ ၀၉ ၄၃၁၅၂၁၀၊ မနှင်းစန္ဒာဦး ဖုန်း-၀၉ ၅၄၀၀၉၉၉
- မန္တလေး- မမျိုးမိခိုင် ဖုန်း-၀၉ ၄၃၀၆၀၆၉၂ မခင်သန္တာဝင်း ဖုန်း-၀၉၉၁၀၃၅၅၂
- နေပြည်တော်- ကိုသူရိုး ဖုန်း-၀၉ ၅၃၀၀၅၉၁၀၊ ကိုတိုမင်း ၀၉ ၅၆၀၀၅၁၆၀၊ ၀၉ ၈၃၀၄၇၀၀၄၊ မသက်သက်နွယ် ဖုန်း-၀၉ ၂၅၄၀၈၂၄၀၅၊ မခင်စိန်ဦး ၀၉ ၄၃၀၇၃၁၆၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၆/အရှေ့၊ မြေကွက်အမှတ်(၉၂၈)၊ မြေကွက်တည်နေရာအမှတ်(၉၂၈)ရှေ့ပြည်သာလမ်း၊ ၆/ရှေရပ်ကွက် သာကေတမြို့နယ် ဦးညွှန့်မောင်အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် ဦးညွှန့်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဆွေဆွေဦး(၁၂/သကတ(နိုင်)၀၁၉၄၆၂)မှ သေစာရင်း၊ ကျွမ်းကျိန်လွှာတင်ပြၗ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမြန်အလိုရှိသည်**

Shampoo ကျွမ်းကျင် မ (၃)ဦး
Foot reflexlogy မ (၃)ဦး
ဖုန်း- ၂၉၅၄၈၃၊၀၉- ၂၅၀၀၆၄၅၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀) ရက်
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက် ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

**၂။ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော မြန်မာနိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့်ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။**

၃။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ထိ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ လုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# အာဖရိကဘ္ဍ ပင်လယ်ဓားပြတိုက်ဖျက်ရေး တရုတ်စစ်သင်္ဘောများကို ဆက်လက်စေလွှတ်မည်

**ပေကျင်း ဒီဇင်ဘာ ၂၇**

အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသတို့ဘ္ဍ လုံခြုံရေးစောင့်ကြပ်မှုများ ပြုလုပ်နိုင်ရန် တရုတ်နိုင်ငံက ရေတပ်စစ်သင်္ဘောများကို ဆက်လက်စေလွှတ်သွားမည်ဖြစ်ကြောင်း တရုတ်ရေတပ် အရာရှိတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းလွန်ဒေသတို့ဘ္ဍ ပင်လယ်ဓားပြများ ပိုမိုသောင်းကျန်းလာနေပြီး အတင့်ရဲစွာဖြင့် လှုပ်ရှားနေကြောင်း၊ ပင်လယ်ဓားပြချေမှုန်းရေး အထူးစစ်ဆင်ရေးတာဝန်ကို ကာလရှည် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း တရုတ်ရေတပ်၏ ဒုတိယတပ်မှူး ဒင်ယီပင်းက ပြောကြားသည်။

အာဖရိကတိုက်ဘ္ဍ တရုတ်ရေတပ်က ပင်လယ်ဓားပြနှိမ်နင်းရေး အထူးလုပ်ငန်းကို ဆောင်ရွက်လာခဲ့သည်မှာ ငါးနှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းလွန်ပင်လယ်သို့ ရေတပ်စစ်သင်္ဘော ၄၂ စင်း ပါဝင်သော ရေတပ်စု ၁၆ စုကို စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ စစ်သင်္ဘောများသည် ကုန်သွယ်ရေကြောင်းသင်္ဘော ၅၄၆၅စင်းအတွက် လုံခြုံရေးစောင့်ကြပ်ပေးခဲ့ပြီး ပင်လယ်ဓားပြတိုက်ခံရသော သင်္ဘော ၄၂ စင်းကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း တရုတ်ရေတပ် ဒုတိယတပ်မှူးက ပြောကြားသည်။ **ပီတီအိုင်။**

**အာဖရိကတိုက်ဘ္ဍ ပင်လယ်ဓားပြတိုက်ဖျက်ရေး အထူးလုပ်ငန်းတာဝန်ဆောင်ရွက်မည့် တရုတ်ရေတပ် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

## အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင်ပေါက်ကွဲမှုဖြစ်ပွားလူငါးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်တွင် ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ဗုံးတစ်လုံးပေါက်ကွဲရာ လူငါးဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိကြောင်း ဒေသခံသတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ဖော်ပြသည်။

အနောက်ဘင်္ဂလားပြည်နယ် ဂျယ်လ်ပိုင်ဂူရီခရိုင်တွင် စစ်သွေးကြွများဟု သံသယရှိသော ကမ်တာပါးလွတ်မြောက်ရေးအဖွဲ့(ကေအယ်လ်အို)အမည်ရှိ အုပ်စုက ဆိုင်ကယ်ပေါ်တွင် ဗုံးတင်၍ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း အင်ဒိုအာရှသတင်းဌာနက ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

## အယ်လ်ခိုင်ဒါများကို တိုက်ရန် အီရတ်သို့ဒုံးကျည်များ အမေရိကန်ပေးပို့

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အီရတ်နိုင်ငံသည် အယ်လ်ခိုင်ဒါတို့ကိုတိုက်ခိုက်လျက်ရှိရာတွင် အထောက်အကူရရှိစေရန်အတွက် ယင်းနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုက ဒါဇင်နှင့်ချီသော ဒုံးကျည်များကို ပေးပို့ခဲ့ကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများက ပြောကြားသည်ဟု ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် သီတင်းပတ်၌ ဝေဟင်မှ မြေပြင်ပစ်ဟဲလ်ဖိုင်းယားဒုံးကျည် ၇၅စင်းခန့်ကို ပေးပို့ခဲ့ကြောင်း ၎င်းတို့က ပြောသည်။

မောင်းသူမဲ့ ထောက်လှမ်းရေးဒရုန်းလေယာဉ် စကန်အီးဂဲလ်တို့ကိုလည်း လာမည့်နှစ်တွင် ပေးပို့မည်ဟု မျှော်လင့်ရသည်။

အီရတ်တပ်ဖွဲ့များသည် မကြာသေးမီက ဆီးရီးယားနယ်ရှိ အန်ဘာပြည်နယ် သဲကန္တာရတွင် အယ်လ်ခိုင်ဒါစစ်သွေးကြွများကို ချေမှုန်းသည့် စစ်ဆင်ရေးစတင်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အီရတ်သို့ ဟဲလ်ဖိုင်းယားဒုံးကျည်များ ပေးပို့ခြင်းကို အတည်ပြုခဲ့ပြီး မကြာမီကာလအတွင်း မောင်းသူမဲ့လေယာဉ်များ ပေးပို့မည်ဟု ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်စစ်စခန်း ပြောင်းရွှေ့တည်ဆောက်ရေး သဘောတူပြီ

**တိုကျို ဒီဇင်ဘာ ၂၇**

ဂျပန်နိုင်ငံက ၎င်း၏တောင်ပိုင်းမှ အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်လေတပ်အခြေစိုက်စစ်စခန်းတည်နေရာ ပြောင်းရွှေ့တည်ဆောက်ရေးကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ကျွန်း၏ လူဦးရေကြေသောအရပ်၌ စစ်စခန်းအသစ် တည်ဆောက်ရေးအတွက် မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အုပ်ချုပ်ရေးမှူး ဟီရိုကာဇူနာကာအီမာက သဘောတူခဲ့သည်။

အမေရိကန်တပ်စခန်းအသစ် တည်ဆောက်ရန် နေရာရွေးချယ်ခြင်းအပေါ်မှာ နှစ်ပေါင်းများစွာ ရှေ့မတိုးနောက်မဆုတ် အခြေအနေကို ဤသို့သဘောတူခြင်းဖြင့် ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျပန်နိုင်ငံနှင့် လုံခြုံရေးမဟာမိတ်စာချုပ်အရ အမေရိကန်က တပ်ဖွဲ့ဝင် ၂၆၀၀၀ ခန့်ကို အိုကီနာဝါကျွန်းပေါ်တွင် တပ်စွဲထားခဲ့သည်။ ကျွန်း၏မြောက်ပိုင်းနေထိုင်သူ နည်းပါးသော နာဂိုအနီးတွင် အမေရိကန်လေတပ်အခြေစိုက်စစ်စခန်း ဖူတင်မာကို ယခုအခါ ရွှေ့ပြောင်းတည်ဆောက်တော့မည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အုပ်ချုပ်ရေးမှူးနာကာအီမာကို ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံ၍ အမေရိကန်စစ်စခန်းအသစ်တည်ဆောက်ခြင်းကို ခွင့်ပြုရန်တိုက်တွန်းခဲ့ပြီးနောက် ယခုကဲ့သို့ ၎င်းကသဘောတူလိုက်ခြင်းဖြစ်သည်။ **ဘီဘီစီ။**

**အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းကို တွေ့ရစဉ်။**

## ထိုင်းမြောက်ပိုင်းတွင်ဘတ်စ်ကားတစ်စီး တံတားပေါ်မှထိုးကျ၊ ၂၉ဦးသေ

**ဗန်ကောက် ဒီဇင်ဘာ ၂၇**

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဒီဇင်ဘာ ၂၆ရက်နှောင်းပိုင်းက တံတားတစ်စင်းပေါ်မှ ဘတ်စ်ကားထိုးကျရာ လူ ၂၉ဦးသေဆုံးကြောင်း ဒီဇင်ဘာ ၂၇ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ တံတားမှာ အမြင့် ၁၆၅ပေမြင့်ကြောင်း၊ ခေါင်ပါးမန်းအမည်ရှိ တံတားဖြစ်ကြောင်း၊ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၃၃ဦးနှင့် ၄၀ကြား လိုက်ပါလာကြောင်း၊ အချို့ဒဏ်ရာပြင်းထန်စွာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိကြောင်း၊ ဇူလိုင်လအတွင်းက ထိုင်းနိုင်ငံ အလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီး တိုက်မိသဖြင့် လူ ၁၉ ဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အရှေ့တောင်အာရှရှိ အခြားသော နိုင်ငံများအနက် ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆကြောင့် သေဆုံးမှုနှုန်းမှာ အမြင့်ဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အဆိုပါဘတ်စ်ကားသည်ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပက်ချာဘန်းပြည်နယ်သို့သွားရန် တံတားပေါ်မှ ဖြတ်၍ မောင်းနှင်စဉ် တံတားပေါ်မှ မတော်တဆပြုတ်ကျသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုများအနက် အကြောင်းအရင်းအချက်တစ်ချက်မှာ လုံခြုံမှုအဆင့် အားနည်းခြင်း နှင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ဖြစ်သည်။ ဘတ်စ်ကားပေါ်တွင် နိုင်ငံခြားသားများ မပါဝင်ဟု ယူဆရကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**ဆင်ဟွာ။**


## ဂုဏ်ပြုဧည့်ခံပွဲ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးတွင် စေတနာထက်သန်စွာ ပါဝင်ကူညီပေးခဲ့ကြသော အလှုရှင်များ၊ Designersနှင့် မိတ်ကပ်ပညာရှင်များကို အောက်ပါအစီအစဉ်အတိုင်း နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဂုဏ်ပြုဧည့်ခံပွဲဖြင့် တည်ခင်းမည်ဖြစ်ပါ၍ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

| နေပြည်တော် | မန္တလေးမြို့ |
|---|---|
| ရက်စွဲ - ၃၀-၁၂-၂၀၁၃ရက် (တနလ်ာနေ့) | ရက်စွဲ - ၃၁-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့) |
| အချိန် - ညနေ ၆ နာရီ | အချိန် - ညနေ ၆ နာရီ |
| နေရာ - မင်္ဂလာသီရိဟိုတယ် | နေရာ - Ayarwaddy River View Hotel |

ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီ
ယဉ်ကျေးမှုဝန်ကြီးဌာန

## ဂုဏ်ပြုဧည့်ခံပွဲတက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးတွင် စေတနာထက်သန်စွာ ပါဝင်ကူညီပေးခဲ့ကြသော ဒါရိုက်တာ ဦးစင်ရော်မောင်မောင်နှင့် အနုပညာပံ့ပိုးဖြည့်တင်းမှုကော်မတီဝင်များ၊ ဟင်္သာတမြင့်ငွေနှင့် တေးသံရှင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဒေါ်နုနုရီ Myanmar Women Entrepreneur's Association နှင့်အလှုရှင်များ၊ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၊ Alpine သောက်ရေသန့်၊ Royal Golden Owls Co.,Ltd(RGO & 47 Collections)Dentsu Co.,Ltd, Xenon Co.,Ltd, Designer မမ‌ရွှေနှင့် Myanmar Fashion Designer Group မှ အဖွဲ့ဝင်များ၊ မိတ်ကပ်စိုးစိုး၊ မိတ်ကပ်ကိုမာ၊ မိတ်ကပ်ဒီဇင်ဘာနှင်း၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့ဝင်များ 12Plus Cosmetics Products Distributed by Mega Life Science Ltdမှ ဒေါက်တာSise Kimlai နှင့် Volunteer မိတ်ကပ်လိမ်းခြယ်ပေးသူများ၊ ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီး စသော Volunteer မိတ်ကပ်လိမ်းခြယ်ပေးသည့် စေတနာရှင်များကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်မြို့တွင် ဂုဏ်ပြုဧည့်ခံပွဲဖြင့် တည်ခင်းမည်ဖြစ်ပါ၍ တက်ရောက် ပေးနိုင်ပါရန်နှင့် အမည်မဖော်ပြနိုင်သော်လည်း ကျန်ရှိသူများရှိပါက တောင်းပန်မှုနှင့် ဖိတ်ကြားအပ်ပါသည်-

ရန်ကုန်မြို့
ရက်စွဲ - ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနေ့)
အချိန် - နံနက် ၁၀ နာရီ
နေရာ - ကရင်ဟိုတယ်

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန

**၂၀၁၂-၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးကပ်လာသည်နှင့်အမျှ ရုပ်ရှင်အနုပညာကို ချစ်မြတ်နိုးသူတိုင်း စိတ်ဝင်စားမှု အမြင့်မားဆုံးအချိန်ဖြစ်ပါသည်။ ထိုအကယ်ဒမီပွဲကြီးနှင့်စပ်လျဉ်း၍ မန္တလေးမြို့ရှိ အနုပညာရပ်ဝန်းမှ ရင်ခုန်သံစကားများကို တွေ့ဆုံမေးမြန်းခဲ့ရာ-**

# မန္တလေးမြို့မှ အကယ်ဒမီရင်ခုန်သံများ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဒါရိုက်တာ ထွန်းအောင်ဇော်(၂၀၁၁ အကယ်ဒမီဆုရှင်)က သဘာဝကျကျနဲ့ အနုပညာစစ်စစ်တွေကို ပြသနိုင်တဲ့ ထူးချွန်သူတွေကို ချီးမြှင့်တဲ့ပွဲပါ။ တစ်နည်းအားဖြင့်တော့ အနုပညာရှင်တွေရဲ့ အမြင့်မားဆုံးနဲ့ အကောင်းဆုံးဆုကြီး တစ်ခုပေါ့ဗျာ။

အဆင့်မြင့်တည်ဆောက်ပုံနဲ့ တင်ဆက်ပုံတွေထူးခြားပြီး ဗန်းကိုင်တွေကအစ ဝါရင့်အနုပညာရှင်တွေက ရွေးချယ်ထားတာဆိုတော့ တကယ်ထူးခြားပြီး မျှော်လင့်စောင့်ဆိုင်းသူတွေ ကျေနပ်စေမယ့် ပွဲတစ်ပွဲဖြစ်လာမှာပါ။

အနုပညာရှင်အားလုံးက ကြိုးစားထားတာချင်း အတူတူပါပဲ။ ဒါကို အသိပညာရှင်၊ အတတ်ပညာရှင်များစွာက အကဲဖြတ်သုံးသပ်ပြီး ဆုံးဖြတ်ရွေးချယ်ထားတဲ့အတွက် ဘယ်သူရရ ကျေနပ်စွာ အားပေးမှာပါ။

ဒါရိုက်တာဆုကိုတော့ ကိုနေပိုင်၊ ဝိုင်းနဲ့ အောင်ကိုလတ်တို့ ကြားထားပါတယ်။ တကယ့်အနုပညာရပ်တွေနဲ့ စိတ်နှစ်ထားပြီး ကြိုးစားထားတဲ့အတွက် သုံးယောက်စလုံး ရစေချင်ပါတယ်။

ဇာတ်ကားဆုနဲ့ မင်းသမီး မင်းသားဆုကိုတော့ ကြားနေတာတွေများလွန်းလို့ မခန့်မှန်းနိုင်ပါဘူး။ ကြားတာတွေကလည်း တော်တဲ့လူတွေပဲဖြစ်နေတယ်လေ။ ကယန်းအလှဇာတ်ကားကတော့ တစ်ဆုဆုချီတင်လိမ့်မယ်လို့ထင်ပါတယ်။ လက်ရှိ တင်ဆက်မှုတွေနဲ့မတူဘဲ တစ်မူ ထူးခြားနေတယ်။ မြန်မာတိုင်းရင်းသား မျိုးနွယ်တစ်စုရဲ့သဘာဝကို ရိုက်ပြထားတာ အထူးကောင်းမွန်တယ်ဗျာ။ ဂုဏ်ပြုသင့်ပါတယ်။

နောက်ဆုံးပြောချင်တာကတော့ ၂၀၁၂ အကယ်ဒမီပွဲကြီးမှာ မိမိရဲ့ တစ်ဖက်သတ်အမြင်နဲ့ ပုတ်ခတ်ဝေဖန်တဲ့ အသံတွေဆိတ်သုဉ်းပြီး အားလုံး ကျေနပ်ပျော်ရွှင်စွာနဲ့ ပြီးဆုံးသွားပါစေလို့ မျှော်လင့်ချင်ပါတယ်။

နောင်နောင်(၂၀၁၁ အကယ်ဒမီဆုရှင်)က လောလောဆယ်မှာ 5-movies အတွက် သုံးကားရိုက်နေပြီး ကိုလူမင်း၊ ကိုရန်အောင်တို့နဲ့ ရုပ်ရှင်ကားကြီး တစ်ကားလည်းထွက်ဖို့ ရှိပါတယ်။ အကယ်ဒမီပွဲဆိုတာ အနုပညာရှင်တွေရဲ့ အမြင့်မားဆုံး ဆုပါပဲ။ နှစ်တစ်နှစ်ရဲ့ ထွက်ရှိသမျှ ဇာတ်ကားတွေထဲက အကောင်းဆုံးတွေကိုရွေးချယ်ပြီး ထိုက်တန်သူကို ဂုဏ်ပြုချီးမြှောက်ခြင်းပါပဲ။ အနုပညာရှင်မောင်နှမတွေအားလုံး ရစေချင်ပါတယ်။ ကြားထားတာကတော့ မင်းသမီးတွေထဲမှာ စိုးမြတ်သူဇာ၊ နဝရတ်၊ ဖွေးဖွေးနဲ့ ချောရတနာလို့ ကြားပါတယ်။

ဒါရိုက်တာ ထွန်းအောင်ဇော်

သရုပ်ဆောင် နောင်နောင်

ဒေါ်စောကေသီမြိုင်

မိတ်ကပ်ပညာရှင် ဘိုဘိုနီ

၂၀၁၂ အကယ်ဒမီပွဲက အစစအရာရာ ထူးခြားချက်တွေရှိတယ်ဆိုတော့ ထိုက်တန်သူတွေရကြမှာပါ။ မနှစ်က အကယ်ဒမီနဲ့လွဲခဲ့ရတဲ့ အန်ကယ်လေးလဲရစေချင်ပါတယ်။ ဒါရိုက်တာဆုကိုတော့ ကိုနေပိုင်၊ ကိုဝိုင်းနဲ့ ကိုအောင်ကိုလတ်ဆိုပြီးတော့ ကြားထားပါတယ်။

ကယန်းအလှဇာတ်ကားကလည်း ထူးထူးခြားခြားလေး တင်ဆက်ထားတာဆိုတော့ အနည်းဆုံးတစ်ဆုလောက်တော့ရနိုင်တယ်။ ရလည်းရသင့်တဲ့ကားကောင်း တစ်ကားပါ။ ၂၀၁၁ ခုနှစ် အကယ်ဒမီပေးပွဲမှာ ကျွန်တော် ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ရင်ခုန်ပျော်ရွှင်မှုတွေနဲ့ ထပ်တူထပ်မျှ ခံစားရင်းစောင့်မျှော်ကြည့်ရှုနေမှာပါ။

ဒေါ်စောကေသီမြိုင် (ဆင်ကိုးကောင် တိုးနယားဖိနပ်လုပ်ငန်းရှင်)က အနုပညာရှင်တွေအတွက် နိုင်ငံတော်က ချီးမြှင့်တဲ့အမြင့်ဆုံးဆုကြီးပါ။ ၂၀၁၂ ခုနှစ်မှာ ထွက်ရှိတဲ့ဇာတ်ကားတွေထဲက အကောင်းဆုံးသရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်တွေ အားလုံး ထိုက်ထိုက်တန်တန် ရစေချင်ပါတယ်။

ကျွန်မတို့မန္တလာမြေက အနုပညာရှင်တွေကိုချစ်တယ်၊ လေးစားတန်ဖိုးထားပါတယ်။ ဒီလိုကိုယ်လေးစားတန်ဖိုးထားရတဲ့ အနုပညာရှင်တွေကို ချီးမြှင့်မယ့်အကယ်ဒမီပွဲကြီးကို ပါဝင်ကြမယ်။ ဗန်းကိုင်များနဲ့ တက်ရောက်လာကြမယ့် အနုပညာရှင်တွေကို အလှပဆုံးနဲ့အကောင်းဆုံးဖြစ်စေဖို့ အတွက် ကျွန်မတို့(ဆင်ကိုးကောင် တိုးနယားဖိနပ်လုပ်ငန်း)က စိန်စီမြချယ် ဒေါက်ဖိနပ်များနဲ့ စိန်စီမြချယ် ပုံတော်ဖိနပ်များကို ပွဲတက်လက်ဆောင်အဖြစ် ပံ့ပိုးကူညီဂုဏ်ပြုပေးထားပါတယ်။

ကျွန်မချစ်တဲ့ အနုပညာရှင်တွေ ကျွန်မဆင်မြန်းပေးတဲ့ ဖိနပ်ကိုစီးပြီး အကယ်ဒမီပွဲကြီးမှာ လန်းဆန်းတင့်တယ်နေမယ်ဆိုရင် ပီတိဖြစ်နေမိမှာပါ။

ဒီနှစ်မှာ ဖျော်ဖြေမှုအနေနဲ့ ထူးထူးခြားခြား တင်ဆက်သွားမယ်လို့ ကြားပါတယ်။ ဆန်ခါတင် ခုနစ်ကားထဲက အကယ်ဒမီရနိုင်မယ့် သရုပ်ဆောင်တွေ အများကြီးကြားထားပေမယ့် တကယ်ထိုက်တန်တဲ့သူတွေရကြပါစေလို့ ဆုတောင်းပေးပါတယ်။

ဇာတ်ကားအနေနဲ့ကတော့ အမှုန်းမီးတောက်ကို အကြိုက်ဆုံးပါပဲ။ ဇာတ်ကားဆုလည်း ရစေချင်ပါတယ်။ ကယန်းအလှကိုတော့ ဓာတ်ပုံဆုရမယ်ထင်ပါတယ်။ ၂၀၁၂ အကယ်ဒမီပွဲကြီးမှာ အနုပညာရှင်တွေအားလုံး တောင်းတဲ့ဆုနဲ့ ပြည့်စုံကြပါစေ။ မျှော်လင့်စောင့်စား ကြည့်ရှုနေကြမယ့် ပရိသတ်ကြီးရဲ့ ဆန္ဒတွေလည်း ထပ်တူကျစေဖို့ မျှော်လင့်ပါတယ်။

ဘိုဘိုနီ (မိတ်ကပ်ပညာရှင်)က အကယ်ဒမီဆိုတာ အနုပညာစစ်စစ်ကို ချပြနိုင်တဲ့ အမြင့်မားဆုံးဆုလို့ထင်ပါတယ်။ ဒီနှစ်မှာ အခါတိုင်းနှစ်တွေ ထက်ထူးခြားပြီး ဆုချီးမြှင့်တဲ့အစီအစဉ်ကို တင်ဆက်ပေးမယ်လို့ သိရပါတယ်။

ပုလဲဝင်းကို ခေါင်းကနေခြေအဆုံး အလှဆုံးဖြစ်အောင် စီစဉ်ပေးတာ ဒီနှစ်နဲ့ဆို သုံးနှစ်ရှိပါပြီ။ ကိုယ်ပြင်ပေးလိုက်တဲ့ အနုပညာရှင်တစ်ယောက် အလှပဆုံးနဲ့ အကယ်ဒမီဆုကြီးကို ရယူနိုင်မယ်ဆိုရင် ပီတိအဖြစ်ဆုံးပါပဲ။

ဇာတ်ကားဆုအတွက် လူငယ်တစ်ယောက်အနေနဲ့ ခံစားပြီး ပြောရရင် လက်ပံကိုကြိုက်ပါတယ်။ မကြီးစိုး လက်ပံပင်အောက်မှာ စကားပြောတဲ့ အခန်းကို ကြိုက်လွန်းလို့ သူ့ကိုလည်း အကယ်ဒမီရစေချင်ပါတယ်။ ဖွေးဖွေးလည်း ရလိမ့်မယ်လို့ ထင်ပါတယ်။ မချောရတနာလည်း ရနိုင်ပါတယ်။ မင်းသားအနေနဲ့တော့ မခန့်မှန်းတတ်ပါဘူး။ ဓာတ်ပုံဆု အနေနဲ့ ကယန်းအလှနဲ့ ဥဇာတ်ကားတွေ ရနိုင်ပါတယ်။ ကလေးသရုပ်ဆောင်ဆုတွေလည်း တိုးချဲ့ပြီး ချီးမြှင့်စေချင်ပါတယ်။

ခံစားချက်အနေနဲ့ ပြောရရင် မိတ်ကပ်နဲ့ ဒီဇိုင်နာပညာရှင်တွေဟာ ကန့်လန့်ကာနောက်ကွယ်ကနေပြီး အနုပညာရှင်တွေကို တောက်ပလာအောင် ပုံဖော်ပေးသူတွေပါ။ ဒီလိုပညာရှင်တွေကိုလည်း ဒီလိုခမ်းနားတဲ့ ပွဲမျိုးကို ဖိတ်ကြားသင့်ပါတယ်။ ပြီးတော့ အနုပညာရှင်တွေရဲ့ ရုပ်တည်မှုမှာ ဒီပညာရပ်တွေကလည်း ၅၀ ရာခိုင်နှုန်း အထောက်အပံ့ပြုထားတယ်ဆိုရင် မမှားပါဘူး။ ဒါကြောင့် အကယ်ဒမီဆုတွေထဲမှာ မိတ်ကပ်နဲ့ ဒီဇိုင်နာဆုတွေကိုပါ တိုးမြှင့် ချီးမြှောက်သင့်ပါတယ်လို့ ရုပ်ရှင်အစည်းအရုံးကို အကြံပေးချင်ပါတယ်။

အကယ်ဒမီပေးပွဲကြီးကိုတက်လာတဲ့ ငါးနှစ်တာကာလမှာ ယခု ၂၀၁၂ အကယ်ဒမီဆုပေးပွဲကျမှ ပထမဆုံးအနေနဲ့ ထိပ်ထားပိုးထည်တိုက်ကပိုးလုံချည်ဝတ်ဆင်ရန် ကမ်းလှမ်းခြင်း ခံခဲ့ရတဲ့အတွက် ရင်ခုန်မိပါတယ်။ ။

## တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲ စတင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ကမ္ဘောဇဘဏ်လီမိတက်၏ (၁၃၃)ခုမြောက် ဘဏ်ခွဲဖြစ်သော တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမှတ်(၄၄၁) တက္ကသိုလ်ရိပ်သာလမ်းသစ် ဆရာစံရပ်ကွက်၌ ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဖြစ်သော စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ၊ ချေးငွေများ၊ ငွေလွှဲခြင်း၊ ငွေပေးအမိန့်လက်မှတ်များ ရောင်းချလဲလှယ်ပေးခြင်း၊ ဘဏ်အာမခံ အမျိုးမျိုး၊ ဘဏ်အာမခံချက်လက်မှတ်များ၊ နိုင်ငံခြားသုံးငွေဖြင့် စာရင်းဖွင့်လှစ်ခြင်း၊ Gift Cheque ဝန်ဆောင်မှုများ၊ အလိုအလျောက်ငွေထုတ်စက်(ATM)နှင့် အခြားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သီဟထွန်း)**

**အထက(၃) မင်္ဂလာတောင်ညွှန့် (စိန့်ဂျိုးဇက်ကွန်ဗင့်)**
**ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

အ-ထ-က (၃) မင်္ဂလာတောင်ညွှန့် (စိန့်ဂျိုးဇက်ကွန်ဗင့်)ကျောင်းတွင် ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမကြီးများအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုပါ၍ မပျက်မကွက် အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းနေဘက် ငယ်ပေါင်း သူငယ်ချင်းများ ကြည်နူးဖွယ်၊ ပီတိဖြစ်ဖွယ် တစ်နှစ်တစ်ခါ ပြန်လည်ဆုံတွေ့ကာ ကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲအတွက် ကုသိုလ်ပြု အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက-

| | |
|---|---|
| အ-ထ-က(၃) မင်္ဂလာတောင်ညွှန့် | ဖုန်း- ၀၁-၃၇၅၂၁၃ |
| ဒေါ်တင်တင်ရီ | ဖုန်း- ၀၉-၂၅၀၁၄၂၄၁၈ |
| ဒေါ်အေးအေးသွယ် | ဖုန်း- ၀၉-၅၄၁၁၂၈ |
| ဒေါ်သိဂီဆင့် | ဖုန်း- ၀၉-၅၀၉၀၅၀ |
| ဒေါ်မေပုလဲ | ဖုန်း- ၀၉-၄၀၁၆၀၂၂၆ |
| မအဌလီအောင် | ဖုန်း- ၀၉-၃၃၁၂၅၄၈ |
| မကျော့ကျော့လွင် | ဖုန်း- ၀၉-၅၀၇၆၉၅ |
| မဖူးအိအိလွင် | ဖုန်း- ၀၉-၅၄၀၃၂၉ |

နေ့ရက် - ၄-၁-၂၀၁၄ ရက် (လွတ်လပ်ရေးနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ယုဇနခန်းမ(အထက-၃၊ မင်္ဂလာတောင်ညွှန့်)

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

**တိုက်ခန်းရောင်းမည်**
ရန်ကင်းမြို့နယ် (၂၅'×၄၅')
2BR, 3AC, အသင့်နေ၊
မြေညီထပ်တိုက်ခန်းရောင်းမည်။
ph: 5110885

# မန်ယူနောက်ခံလူ ဖီးလ်ဂျုံးစ်ဒူးဒဏ်ရာကြောင့် ရက်သတ္တနှစ်ပတ်ကြာ အနားယူရမည်

မန်ယူအသင်းနောက်ခံလူ ဖီးလ်ဂျုံးစ်သည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တနှစ်ပတ်ကြာ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ အသက် (၂၁)နှစ်အရွယ် နောက်တန်းကစားသမား ဖီးလ်ဂျုံးစ်သည် မန်ယူအသင်းအား နည်းပြဒေးဗစ်မိုယက် စတင်တာဝန်ယူကိုင်တွယ်ချိန်ကတည်းက အသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် ၂၂ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

သို့ရာတွင် မန်ယူအသင်းက ဟားစီးတီးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် နောက်ခံလူ ဖီးလ်ဂျုံးစ် ဒူးဒဏ်ရာပြဿနာကြုံတွေ့ခဲ့ခြင်းကြောင့် သီတင်းနှစ်ပတ်ကြာ အနားယူရတော့မည်ဖြစ်ပြီး လက်ရှိမန်ယူအသင်းတွင် နောက်ခံလူဖီးလ်ဂျုံးစ်အပါအဝင် တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ၊ ကွင်းလယ်ကစားသမား ဖယ်လိုင်နီနှင့် တောင်ပံကစားသမား နာနီတို့ ဒဏ်ရာပြဿနာများ ကြုံတွေ့နေရကြောင်း သိရသည်။

မန်ယူအသင်းတွင် ဒဏ်ရာရကစားသမား များပြားနေသည့်အပြင် နောက်ခံလူ ဖီးလ်ဂျုံးစ်သည်လည်း ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် နေ့ဝှစ်ချိအသင်း၊ စပါးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလီဂ်ပွဲစဉ်များနှင့် လွဲချော်ရတော့မည်ဖြစ်သည်။

ငွေကြေယ်

# ၁ရစ္စမတ်အမီ အရှိန်ပြင်းပြင်းဖြင့် ထိုးဖောက်နိုင်ခဲ့သည့် တေးသံရှင် ဘီယွန်စေး

အမေရိကန်အဆိုတော် ဘီယွန်စေး၏ ခရစ္စမတ်ကာလအမီ ဒီဇင်ဘာ ၁၃ ရက်က ထွက်ရှိခဲ့သည့် ဘီယွန်စေးအမည်ရှိ ၎င်း၏ ပဉ္စမမြောက် အယ်လ်ဘမ်သည် အချပ်ရေပေါင်း ကိုးသိန်းကိုးသောင်းကျော် ရောင်းချခဲ့ရပြီး အမေရိကန်ဘေလ်ဘုတ်၏ အကောင်းဆုံးသီချင်းများစာရင်းတွင် နှစ်ပတ်ဆက်တိုက် ထိပ်ဆုံးမှရပ်တည်နေခဲ့သည်။

သီချင်းအပုဒ်ပေါင်း ၁၄ ပုဒ်နှင့် ဗီဒီယို ၁၇ ခု ပါဝင်သည့် တေးသံရှင် ဘီယွန်စေး၏ အဆိုပါအယ်လ်ဘမ်သစ်ကို ပရိသတ်များအား ပရိမိုးရှင်းပွဲများ ပြုလုပ်ရသေးခြင်းမပြုမီ ယင်းကဲ့သို့ အံ့ဩဖွယ်ရာ ရောင်းအားတက်လာခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် ရက်သတ္တတစ်ပတ်အတွင်းမှာပင် အချပ်ရေပေါင်း ခြောက်သိန်းကျော် ရောင်းချခဲ့ရသည့်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဆိုလျှင် တစ်သန်းကျော်ခန့်ရှိမည်ဖြစ်ကြောင်း ဘေလ်ဘုတ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဘီယွန်စေးအနေဖြင့် ယင်းအယ်လ်ဘမ်သစ်ကို ယခုကဲ့သို့ အရှိန်ပြင်းပြင်းဖြင့် အောင်မြင်လိမ့်မည်ဟု ထင်မှတ်မထားကြောင်း၊ ယခင် စတုတ္ထမြောက်အယ်လ်ဘမ်ထွက်ရှိပြီးစဉ်က ဂီတလောကကို ငြီးငွေ့ခြင်းများရှိခဲ့သော်လည်း ယခုအခါ အားသစ်များပြန်လည်မွေးဖွားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအယ်လ်ဘမ်သစ်တွင် တေးသံရှင် ဘီယွန်စေး၏ ခင်ပွန်းဖြစ်သူ ရက်ပ်အဆိုတော် ဂျေဇီ၊ ဂျက်စတင် တင်မ်ဘာလိတ်၊ သမီးဖြစ်သူ ဘလူးအိုင်ဗီနှင့် တေးသံရှင်များစွာက ပါဝင်အားဖြည့်ထားပြီး အဆိုပါတေးအယ်လ်ဘမ်ကို သူ၏ ပထမဆုံးအယ်လ်ဘမ် ထုတ်ဝေခဲ့သည့် Parkwood Entertainment ကုမ္ပဏီနှင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်

# Boxing day တွင်အလုပ်ပြုတ်ခဲ့ရသည့် မီဝေါလ်အသင်းနည်းပြစတီဗင်လိုမက်

အင်္ဂလန်ချန်ပီယံရှစ်ကလပ် မီဝေါလ်အသင်းသည် နည်းပြစတိဗ်လိုမက်အား မီဝေါလ်အသင်းကို ခြောက်လကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

နည်းပြစတိဗ်လိုမက်သည် ဇွန်လအတွင်းက စိန့်ဂျန်စတုန်းအသင်းမှ မီဝေါလ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချန်ပီယံရှစ်ပွဲစဉ် (၂၂)တွင် ဝက်ဖို့ဒ်အသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရခြင်းဖြစ်သည်။

စတိဗ်လိုမက်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် မီဝေါလ်အသင်းကို နည်းပြချုပ် နေးလ်ဟားရစ်နှင့် အကယ်ဒမီဒါရိုက်တာ စကော့ဖစ်ဂါရယ်လဲတို့က အသင်းရလဒ်ပိုင်းကို ထိန်းထားသည့်အနေဖြင့် ခေတ္တတာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြ စတိဗ်လိုမက်လက်ထက်တွင် မီဝေါလ်အသင်းသည် ၂၂ ပွဲကစားခဲ့ရာတွင် ငါးပွဲနိုင်၊ ခြောက်ပွဲသရေနှင့် ၁၁ ပွဲရှုံးနိမ့်ခဲ့သော ရလဒ်များထွက်ပေါ်ခဲ့ပြီး ချန်ပီယံရှစ်အမှတ်ပေးဇယား၏ အဆင့် (၂၀)သို့ ရောက်ရှိခဲ့ခြင်းကြောင့် မီဝေါလ်အသင်းတာဝန်ရှိသူများက ၎င်းအားထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

# ဘောလုံးလောက သတင်းတိုများ

- *အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ်တွင် တိုက်စစ်မှူး ပိုဒေါစကီးပါဝင်လာနိုင်ခဲ့ခြင်းကြောင့် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။*
- *ဟားစီးတီးအသင်းသည် ဆန်းဒါးလန်းတိုက်စစ်မှူး ဖလက်ချာ အားဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။*
- *မန်ဗီးတီးအသင်းက လီဗာပူးအသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အကောင်းဆုံး လက်စွမ်းပြကစားခဲ့ခြင်းကြောင့် ဂိုးသမားကျီးဟက်သည် အကောင်းဆုံးပုံစံရရှိနေပြီဖြစ်ကြောင်း နည်းပြပယ်လီဂရိနီက ချီးကျူးစကားပြောကြားခဲ့သည်။*


## ဗွေးနေ့ဆုတောင်း

ချစ်သောသားသားငယ် မောင်ဘုန်းနေရောင် Grade 2-A(TTC)၊ Primary 1-B (ILBC) ၏ ၂၈-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၇)နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံသော သားကောင်းရတနာလေးအဖြစ် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ။

နှစ်ဖက်သော - ဘိုးဘိုး- ဘွားဘွား
ဖေဖေ - ဦးနေလင်း
မေမေ - ဒေါ်သက်သက်အောင်
ကိုကို - မောင်သန့်နေရောင်

**Grade 5-D(TTC)၊ Primary -4 (ILBC)**

## မြန်မာစာပေချစ်မြတ်နိုးသူများအသင်း
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)(တနင်္လာနေ့)
အချိန် - မွန်းလွဲ ၂ နာရီမှ ၄ နာရီ
နေရာ - တော်ဝင်နှင်းဆီခန်းမ
အမှတ်(၂၂၁/၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊
(မှတ်ချက် - အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ပါသည်။)

ဦးအေးချို (မဟာဝိဇ္ဇာ)၏
"မင်းများ၏သီလကို သြဝါဒဖြင့်မွမ်းမံခြင်း" စာတမ်းဖတ်ကြားပါမည်။

## မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း
## (၁၇)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း၏ (၁၇)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ၅-၁-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower(မင်္ဂလာခန်းမ)တွင် ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်သူများအသင်း



# ဗုဒ္ဓဘေးဘောင်
# ဝမ်းမှန် အကြောင်းပြုသော

# ရှယ်ရိုစီခေါက်ဆွဲဆိုင်တွင် ဖုန်းအားသွင်းရာမှမီးလောင်မှုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက်တွင် ဖုန်းအားသွင်းရာမှ အပူရှိန်လွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက် နယ်မြေ (၁၇) ဘုရားလမ်းနေ ဦးအောင်တင်ခိုင်၏ ရှယ်ရိုစီခေါက်ဆွဲဆိုင်တွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၅ နာရီ မိနစ် ၅၀ တွင် ဖုန်းအားသွင်းစက် အပူလွန်ကဲရာမှ စတင်မီးလောင်ခဲ့ပြီး နံနက် ၆ နာရီ ၁၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ ပျဉ်းမနားမြို့ စခန်း (၁) မှ မီးသတ်ယာဉ်ခြောက်စီး၊ စခန်း (၂) မှ မီးသတ်ယာဉ်နှစ်စီး၊ ရွာကောက်ရပ်ကွက် အရန်မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊နေပြည်တော်မီးသတ်စခန်းများမှ မီးသတ်ယာဉ်အစီး ၂၀နှင့်အတူ သန္ဓေမီးသတ် ၁၁၅ ဦး၊ အရန်မီးသတ် ၃၀တို့က ငြိမ်းသတ်ခဲ့ရာ နံနက် ၆နာရီ ၃၅ မိနစ်တွင် မီးလုံးဝငြိမ်းနိုင်ခဲ့သည်။

မီးလောင်မှု ဖြစ်ရာသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်တို့ က အနီးကပ်ကြီးကြပ်ကာ ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုးတိုက်ခံ ပျဉ်ထောင်ပျဉ်ခင်း တစ်လုံး၊ သွပ်မိုး ထရန်ကာ ပျဉ်ခင်း တစ်လုံး၊သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း တစ်လုံး၊ သွပ်မိုး ထရန်ကာမြေစိုက် ခေါက်ဆွဲဆိုင် တစ်ဆိုင်၊ သွပ်မိုးထရန်ကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တို့ မီးလောင်ကျွမ်းခဲ့ကြောင်း၊ ရှယ်ရိုစီခေါက်ဆွဲဆိုင်ပိုင်ရှင် ဦးအောင်တင်ခိုင်အား ပျဉ်းမနားရဲတပ်ဖွဲ့စခန်းက အမှုအမှတ် ပ/၈၀၀/ ၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၂၈၅) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း - ဦးကျော်(ပျဉ်းမနား)**
**ဓာတ်ပုံ- မင်းမင်းလတ်**

# ရွာတန်းတိုက်နယ်တွင် ဖြစ်ပွားခဲ့သော လုယက်မှုဖော်ထုတ်ဖမ်းဆီး

**ရမည်းသင်း ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ခံဘူးကျေးရွာနေ ဒေါ်ပုစိန် (၇၉)နှစ် တောင်သူသည် ဒီဇင်ဘာ ၁၁ ရက်က ၎င်း၏နေအိမ်တွင်ရှိနေစဉ် ဆိုင်ကယ်ဖြင့် ကုလားပဲမျိုးဝယ်သည့် အမည်မသိ အမျိုးသမီးမှ ဒေါ်ပုစိန်၏ လည်ကုပ်အားခွကိုင်ပြီး အုတ်ကြမ်းပြင်နှင့် ဦးခေါင်းအားကိုင်ဆောင့်၍ မူးလဲသွားစဉ် ဒေါ်ပုစိန်၏ဘယ်လက်တွင် ဝတ်ဆင်ထားသော တစ်ကွင်းလျှင် ငါးမူးသားခန့်ရှိ ရွှေလက်ကောက်နှစ်ကွင်း (တန်ဖိုး ငွေကျပ် ခုနစ်သိန်းခန့်)အား လုယူပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးမှုဖြစ်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေက သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များနှင့်အတူ အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူကို ဒီဇင်ဘာ ၂၄ ရက်တွင် ရမည်းသင်းခရိုင် မှ/ကုဋ္ဌာနစိတ်ခေါင်းဆောင် ရဲအုပ် ဝင်းသမိန်ဦးစီးအဖွဲ့နှင့် ပူးပေါင်း၍စုံစမ်းစစ်ဆေးခဲ့ရာ မသူသူအောင် (၂၇) နှစ် အုတ်ဖိုအနောက်ရွာ ရမည်းသင်းမြို့နယ်သည် ဒေါ်ပုစိန်နေအိမ်သို့ ဆိုင်ကယ်ဖြင့်သွားရောက်ခဲ့ကြောင်း၊ ဒေါ်ပုစိန်အားရိုက်နှက်ပြီး ဘယ်ဘက်လက်တွင် ဝတ်ဆင်ထားသော လက်ကောက်နှစ်ကွင်းအား ချွတ်ယူခဲ့ပြီး ယင်းနေ့က ပတ်ဝန်းကျင် အိမ်တစ်အိမ် မီးဖိုပြာထွက်ပေါက်အတွင်း ဝှက်ထားခဲ့ကြောင်း ဝန်ခံခဲ့သည်။

မသူသူအောင် လုယူသွားပြီး ဝှက်ခဲ့သော ပစ္စည်းများအား ဒီဇင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ဦးကြင်အောင် အုပ်ချုပ်ရေးမှူး တိန်ဥာဏ်ကုန်းကျေးရွာ၊ ဦးစန်းမောင်ဆယ်အိမ်စုမှူး ရွာတန်းစျေးကွက်သစ်တို့နှင့်အတူ လုယက်သွားသော လက်ကောက်နှစ်ကွင်း၊ အသုံးပြုခဲ့သော KENBO 110 အစိမ်းရောင်ဆိုင်ကယ်တို့ကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပြီး မသူသူအောင်(၂၇)နှစ်အား ရမည်းသင်းမြို့ ရွာတန်းတိုက်နယ်ရဲကင်းစခန်းက (ပ) ၁၃၂/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၂-၁၁-၂၀၁၃ရက်(စနေနေ့)တွင် အောင်မြေဘေမိမမ္ဘရိပ်သာ အလိုတော်ပြည့်ကျောင်းတော်(မိတ္ထီလာ)၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်ဥပဒေအရာရှိ ဒေါ်ရီရီသန်းအားလည်းကောင်း၊ ၃-၁၁-၂၀၁၃(တနင်္ဂနွေနေ့)တွင် တော်ဝင်နန်းခန်းမ(မိတ္ထီလာ)၌ ပြုလုပ်ခဲ့သော မင်္ဂလာအခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ဦးကျော်(ရှမ်းတဲ-လေကြောင်းအတတ်သင်လေတပ်စခန်းမှူး)နှင့် ဇနီး ဒေါ်ခင်စန်းကြည်၊ မင်္ဂလာပန်းကြဖြန့်ပေးသော မဇာဇာအောင်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မရွှန်းလဲ့ဝေ၊ သတို့သားအရံ ထက်အောင်လှိုင်နှင့် သတို့သမီးအရံ ထက်ဆန်နီ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော သန့်ဇင်စိုး (FM Bagan)အားလည်းကောင်း၊ သတို့သားဝတ်စုံဒီဇိုင်နာ စည်သူထွဋ်ခေါင်(မန္တလေး)၊ သတို့သမီးဝတ်စုံဒီဇိုင်နာဘုရင်မ(မန္တလေး)၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်တင်ထွေး(မန္တလေး)၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ဦးတင်ဝင်း(USA Digital Video)ရိုက်ကူးရေးအဖွဲ့၊ ဓာတ်ပုံကိုအောင်သူ၊ တော်ဝင်နန်းခန်းမပိုင်ရှင် ဦးလင်းလက်ထွန်း-ဒေါ်မီမီနှင့်တော်ဝင်နန်းမှ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ အဘက်ဘက်မှ ပိုင်းဝန်းကူညီပေးသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား နှစ်ဖက်မိဘများနှင့်ကျွန်တော်၊ ကျွန်မတို့က လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ပြည့်ဖြိုးကျော်-မခင်ရတနာဝင်း**

# ဂ်ီလာသဘင်ကျေးဇူးတင်လွှာ

၂၁-၁၂-၂၀၁၃ရက်(စနေနေ့)တွင် INYA LAKE HOTEL ၌ ကျင်းပပြုလုပ်သော မင်္ဂလာသဘင်အခမ်းအနားတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်(လေ) (ငြိမ်း)နှင့် ဇနီး ဒေါ်မေရီတင်တို့အား လည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဦးဘာထွန်းဦးနှင့်ဇနီး ဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ မင်္ဂလာသဘင်ဦးစီးမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဆရာဦးကျော်ဒေဝအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဘွားဘွားဒေါ်ကျင်စိန်၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)၊ ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဗိုလ်မှူးချုပ်မောင်ဆက်(ငြိမ်း)၊ ဗိုလ်မှူးချုပ်ကျော်အောင်(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ်မော်သိမ်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သီတာဦး၊ ဗိုလ်မှူးချုပ်ရဲချစ်ဖေ(ငြိမ်း)၊ ဝဏ္ဏကျော်ထင် ဦးခင်မြင့်- နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးခိုင်၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပါသော ဗိုလ်ချုပ်ကြီး(ငြိမ်း) သီဟသူရမဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ငြေး၊ ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်ရှိနှင့်ဇနီး ဒေါ်ချယ်ရီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)၊ ကမ္ဘောဇာဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီးဒေါ်နန်းသန်းထွေး၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)မှသူငယ်ချင်းများနှင့် မိသားစုများ၊ လေကြောင်းလိုင်းအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာပန်းကြဖြန့်ပေးပါသော သမီးငယ်သစ္စာဖြူနှင့် မဇာဇာအောင်၊ အောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဝင့်ဝါဇော်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ကူညီပေးပါသော စိုင်းအောင်မင်းသိန်း၊ ဇံပိုင်ဖြိုးနှင့် မထက်ဆန်နီ၊ မမင်းသီရိမွန်၊ သတို့သမီးနှင့် အရံဝတ်စုံများကို စီစဉ်ချုပ်ပေးသော ဒေါ်ကေသီဦး(Fashion Happy)၊ မင်္ဂလာအခါတော်တေး သီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီသန်နှင့် မြန်မာသံစဉ်တေးအဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော မြန်မာသံစဉ်နိုင်ငံကျော် တေးသံရှင်များ၊ Pre Wedding ဓာတ်ပုံရိုက်ကူးပေးသော Forever၊ မှတ်တမ်းဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးသော သီတဂူ(ပန်းအလှ၊လက်ဝတ်ရတနာ)၊ မင်္ဂလာသတို့သမီးနှင့်အရံများအား မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာ အလှဆင်ပေးသော ညီညီမောင်(စမ်းချောင်း)၊ နှစ်ဖက်ဆွေမျိုးညီအစ်မများအား မိတ်ကပ်ဆံပင်အလှဆင်ပေးသော မင်းမင်း (Butterfly)၊ ဇင်ဇင်မောင်(ဟံသာရိပ်မွန်)၊ မေတ္တာဖြင့်မင်္ဂလာလက်ထပ်လက်စွပ်လက်ဖွဲ့ပေးသော ကိုညီညီတာနှင့် မမေစစ်အေး (Royal Gem &Jewellery)၊ Lion City တွင်ကျင်းပသော မင်္ဂလာညစာစားပွဲသို့ကြွရောက်ချီးမြှင့်ပေးသော သူငယ်ချင်း မိတ်ဆွေများ၊ မေတ္တာဖြင့်တေးသီချင်းသီဆိုပေးသော အကယ်ဒမီ ဦးနေအောင်၊ မခင်မြတ်မွန်၊ ကိုစစ်သွေး၊ အစ္စဏီနှင့် သူငယ်ချင်းများ၊ Inya Lake Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းအပေါင်းတို့အားလည်းကောင်း၊ လိုအပ်ချက်တစ်စုံတစ်ရာရှိပါက နားလည်ပေးပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် အဘက်ဘက်မှ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား နှစ်ဖက်မိဘများနှင့် ကျွန်တော်၊ ကျွန်မတို့က လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ပြည့်ဖြိုးကျော်-မခင်ရတနာဝင်း**

# လျှပ်စစ်ယမ်းကြိုးခွေများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် ကလောမြို့ မြို့ဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီက ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ယာဉ်များအား ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် တောင်ကြီးမှ နေပြည်တော်သို့ ပင်းတယမြို့နယ် ရွာသစ်ရပ်နေ ဇော်လတ်စိုး(၂၇) နှစ်မောင်းနှင်လာသော ၅၈/----- မှန်လုံယာဉ်အား ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်၏ ဝမ်းပိုက်အတွင်းမှ ပီနံအိတ်နှစ်လုံးဖြင့် ထည့်ထားသည့် တစ်ခွေလျှင် အရှည်ပေ ၁၅၀ ခန့်ရှိ လျှပ်စစ်ယမ်းကြိုးခွေ ၃၅ ခွေအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါ လျှပ်စစ်ယမ်းကြိုးခွေများမှာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွှေလီလမ်းနေ သူရိန်ထွန်း(ခ)ကိုသူ (၂၉)နှစ်က တန်ဆာခဖြတ်ပြီး တင်ပေးလိုက်ကြောင်းနှင့် ၎င်းမှာ ၉၁/---- ခရီးသည်တင်ယာဉ် ခုံအမှတ်(၂၁) တွင် လိုက်ပါသွားကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ သူရိန်ထွန်း(ခ)ကိုသူအား မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ဒဂုံသစ္စာမွန် စားသောက်ဆိုင်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ကလောမြို့မ ရဲစခန်း(ပ)၁၄၃/ ၂၀၁၃၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများ ဥပဒေပုဒ်မ ၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၁၂-၂၀၁၃ (စနေနေ့)**

| | | | |
|---|---|---|---|
| ၆:၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | ၄:၄၅ | အဝေးသင်တက္ကသိုလ်ရုပ်မြင်သံကြား သင်ခန်းစာပို့ချချက် -ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၆:၃၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | | |
| ၁၀:၁၅ | သုတရောင်စုံပန်းခင်း | | |
| ၁၀:၂၅ | "ရွှေရင်ခုန်သံ" | ၇:၁၅ | "အကယ်ဒမီရင်ခုန်သံ" |
| ၁:၃၀ | "မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ" | ၈:၀၀ | ပြည်တွင်းသတင်းနိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၁:၃၀ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် | ၈:၅၀ | ကြယ်ပွင့်များရဲ့ အထင်ကရတေးများ |
| | | ၉:၃၀ | ဂီတတံခါးလေးဖွင့်ပါဦး |

## ☼ လွမ်းမောဖွယ်မှ

အပျော်စီးသင်္ဘော MV .VOYAGER တွင် ဗြိတိန်နိုင်ငံသား အများဆုံးပါဝင်ပြီး ဩစတြေးလျနိုင်ငံသား အနည်းငယ်ပါဝင်ကာ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၃၆၅ ဦး ပါဝင်ကြောင်း Myanmar Voyages International Tourism Co.,Ltd.မှ သိရသည်။

"ဒီအစီအစဉ်မှာ သူတို့က ကမ္ဘာစစ်ကာလတုန်းက ကျဆုံးသွားတဲ့ဘိုးဘွားတွေကို သချိုင်းမှာ ကန်တော့ဖို့၊ ဗြိတိသျှခေတ်ကဆောက်ခဲ့တဲ့ လက်ရာတွေကိုလေ့လာဖို့လည်း လာကြတာများပါတယ်"ဟု ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။ စတင်ရောက်ရှိသည့် ယနေ့မှာပင် ပုဂံဘက်သို့သွားရောက်သူများရှိကြသလို ရွှေတိဂုံစေတီတော်သို့ ကြည်ညိုလေ့လာခြင်း၊ ခြောက်ထပ်ကြီးဘုရားသို့ သွားရောက်ခြင်း၊ ဘုန်းတော်ကြီးများဆွမ်းခံကြွသည်ကို လေ့လာရန် ရွှေမင်းဝံကျောင်းသို့သွားခြင်း၊ ဗိုလ်ချုပ်စျေး၊ အမျိုးသားပြတိုက်၊ ထောက်ကြန့်စစ်သချိုင်း၊ ဟံသာဝတီစစ်သချိုင်းစသည်ဖြင့် လေ့လာလည်ပတ်ခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့လယ်တွင် လှည့်လည်၍ရှေးဟောင်း အဆောက်အအုံများကို လေ့လာခြင်းများရှိသည်ဟုသိရသည်။

ထိုသို့လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသည်များသည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှပြန်လည်ထွက်ခွာ၍ ထိုင်းနိုင်ငံသို့ ရေကြောင်းခရီးသွားရောက်မည်ဟု ဆက်လက်သိရှိရသည်။

**ထက်ခိုင်(စမ်းချောင်း)**



# လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် ပြန်လည်ထူထောင်ရေးစခန်း မော်ဘီ၌ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၃ ။** ။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ လူကုန်ကူးခံရသူအမျိုးသမီးများအတွက် "သဲလိုမေတ္တာ ရိပ်မြုံ" ပြန်လည်ထူထောင်ရေးစခန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးနှင့် ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ယာယီရဲမှူး ရိုလင်တို့က လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြသည်။

ပြန်လည်ထူထောင်ရေးစခန်းကို လူကုန်ကူးခံရသူအမျိုးသမီးများ လူမှုအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်ဝင်ဆံ့ရပ်တည်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အသက် ၁၃ နှစ်မှ ၄၀အတွင်းရှိ လူကုန်ကူးခံရသူ အမျိုးသမီးများကို အဓိကထား လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ၃လမှ ၆လအထိ နေထိုင်ရမည်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးစခန်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုပေးခြင်း၊ မိသားစုအသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း(သို့မဟုတ်) သီးသန့်ရပ်တည်နိုင်ရန်အတွက် ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရူပ**

# ပျက်စီးယိုယွင်းနေသည့် မေဓာဝီလမ်း ကွန်ကရစ်ခင်း

**ဖျာပုံ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် လမ်းသွယ်များနှင့် ဖြတ်လမ်းများ မိုးရေဇက်ခံနိုင်သည့် ကွန်ကရစ်လမ်းများခင်းလျက်ရှိရာ ဖျာပုံမြို့ (၇)ရပ်ကွက် မေဓာဝီလမ်းသည် မြို့ပတ်လမ်း(၁၃)လမ်းနှင့် ရတနာလမ်းမှ ဖျာပုံတံတားကြီးသို့ ဆက်သွယ်ထားသည့်လမ်းဖြစ်သည့်အပြင် ကျုံကူကျေးရွာ၊ အကြီးဝကျေးရွာနှင့် ကျေးရွာချင်းဆက်လမ်းလည်း ဖြစ်သည်။ အဆိုပါ မေဓာဝီလမ်းသည် တန်ချိန်လွန်ကားများ ဖြတ်သန်းသွားလာသဖြင့် ပျက်စီးယိုယွင်း၍ မြေသားလမ်းသာသာဖြစ်နေသည်မှာ နှစ် ၂၀ ခန့်ရှိနေပြီ ဖြစ်သည်။

ယခုအခါ ရတနာလမ်းမှ (၈)လမ်းအထိ ကွန်ကရစ်လမ်းအား မဟာစည်သာသနာ့ဝန်ထမ်းသာ ပဓာနနာယက ဆရာတော် ဦးဆောင်၍ အလှူရှင်များက ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းအဖြစ် မကြာသေးမီက ဖောက်လုပ်ပြီး ဖြစ်၍ ကျန်ရှိသည့်(၈)လမ်းမှ (၁၃)လမ်းအထိ မေဓာဝီ ဖြတ်လမ်းအား စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အလှူရှင်များနှင့် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေး ခွင့်ပြုငွေမရသေးမီ ကြိုတင်၍ ဒီဇင်ဘာ တတိယပတ်မှစ၍ ကွန်ကရစ်လမ်း ဖောက်လုပ်နေပြီဖြစ်သည်။

(၇)ရပ်ကွက်နေ ရပ်မိရပ်ဖတစ်ဦးက 'ကျွန်တော်တို့လမ်းက အထက(၂)၊ (၃)ကျောင်းသူ၊ ကျောင်းသားတွေ ကျောင်းတက်တဲ့အဓိကလမ်းဖြစ်တဲ့အပြင် ပတ်ဝန်းကျင်ရပ်ကွက်တွေနဲ့ ကျေးရွာတွေက ပြည်သူတွေ စျေးသွားစျေးလာ အသုံးပြုတဲ့အပြင် ရဟန်းသံဃာတွေ ဆွမ်းခံထွက်တဲ့ လမ်းလည်းဖြစ်နေလို့ လမ်းလျှောက်ရင်တောင်

ခလုတ်တိုက်လဲနေတဲ့ မေဓာဝီလမ်းကို စည်ပင်၊ ပြည်သူ ပူးပေါင်းထည့်ဝင်ငွေနဲ့ ပြင်တော့မယ်ဆိုလို့ ဝမ်းသာနေတာ။ စည်ပင်ခွင့်ပြုငွေမရသေးလို့ ၂၀၁၄ ဧပြီလမှာ ပြင်ရင် နောက်ကျနေလို့ စိုးရိမ်နေရတာ။ အခုတော့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနဲ့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတွေ ပူးပေါင်းမှုနဲ့ လုပ်ငန်းရှင်တွေဆီက ကြိုတင်ပစ္စည်းယူစုနစ်နဲ့ ယခုကွန်ကရစ်လမ်းခင်းပေးလို့ အရမ်းဝမ်းသာပါတယ်။ ကျွန်တော်တို့လည်း လူအားငွေအား တတ်နိုင်သလောက်ကူမှာပါ'ဟု ပြောကြားသည်။

အဆိုပါ (၇)ရပ်ကွက် မေဓာဝီလမ်းအား ပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၁၄၀ နှင့် ၂၀၁၄-၂၀၁၅ စည်ပင်ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၀၀ အပါအဝင် စုစုပေါင်း သိန်း ၂၄၀ ဖြင့် အကျယ် ၁၂ပေ၊ အမြင့် ၆လက်မ၊ အရှည်ပေ ၁၁၅၀ ရှိ အဆင့်မြင့်ကွန်ကရစ်လမ်းအား ရာသီမရွေး ပြည်သူများသွားလာမှုအဆင်ပြေစေရန် ဖောက်လုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# တောင်တွင်းချောင်၌ ကျန်းမာရေးဆောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**မင်းကင်း ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသ ပုံတောင်ပုံညာဒေသတွင်နေထိုင်ကြသော ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၄ရက်မှ ၉ရက်အထိ အဆိုပါဒေသရှိ ဝင်ဝအုပ်စု၊ ပျားကျေးရွာနှင့် ဇနပုဒ်ကျေးရွာများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျေးလက်ပေါင်းစည်းကျန်းမာရေးစီမံကိန်းအစီအစဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်ရာ၌ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ဒေါက်တာနေဝင်းအောင်(H.S.S.O) ဦးဆောင်၍ မင်းကင်းမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးခင်မောင်ကျော်၊ မြို့နယ်သူနာပြုအဆင့်(၁) ဦးစန်းလွင်၊ ကြာပင်တိုက်နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်ပြန်/ဆက်ဝန်ထမ်းများ လိုက်ပါပြီး အိမ်ခြေ ၁၀၃ အိမ်မှ လူဦးရေ ၅၅၀တို့အား အခမဲ့ဆေးကုသခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ချင်းတွင်းသား(iprd)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒဂုံအရှေ့မြို့နယ်၊ ရွာသာကြီး(အရှေ့ကွင်း)၊ အမှတ်(၂)လမ်းနှင့် (၁၄၀)ရပ်ကွက်သွားလမ်းထောင့်တွင် မြေ(၁၀)ဧက မြေဖို့ခြင်း၊

(ခ) အဆိုပါမြေနေရာတွင် ပေ(၆၀×၄၀)ရုံးအဆောက်အအုံ(တစ်ထပ်) ဆောက်လုပ်ခြင်း၊

၂။ သို့ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြေဖို့ရမည့်ဧရိယာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ အသေးစိတ် အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဒဂုံ(မြောက်)မြို့နယ်၊ အမှတ်(၄၆)ရပ်ကွက်၊ ရွှေလီ(၁)လမ်း(ဗိုလ်မှူးဗထူးလမ်းမကြီးအနီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၁၂-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၃-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

၄။ အသေးစိတ်သိလိုသောအချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၉-၄၉၂၉၃၅၅၊ ၀၉-၄၂၀၀၇၇၀၇၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**





**ပြည့်စုံက ခေါ်ပါရန်** ဒိုက်ဦးမြို့၊ ဝါဆိုရပ်ကွက်၊ ယုဇနလမ်းနေ (ဘ)ဦးသန်းလွင်၏သမီး [၇/ဘဉန(နိုင်)၁၂၆၈၇၄] ကိုင်ဆောင်သူ မမိုးသူအား မခင်ဗုန်းပိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မမိုးသူ(ခ)မခင်ဗုန်းပိုင်**

**တစ်ဦးတည်းဖြစ်ကြောင်း** ကျိုက်လတ်မြို့နယ်၊ ကျုံကျိုက်ကျေးရွာအုပ်စု၊ ကသစ်တန်းကျေးရွာနေ မအိအိမွန်၏ဖခင် ဦးမြထွေး [၁၄/ကလန(နိုင်)၀၁၅၀၂၄]နှင့် ဦးမြခူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-147(2013-2014) | Down Hole Mud Motor Ex Horizontal Directional Drilling Rig | (1) Set | US$ |
| (၂) | IFB-148(2013-2014) | Caterpillar C-9Truck Engine for 30 Ton Mark Oil Field Truck | (1) No | US$ |
| (၃) | IFB-149(2013-2014) | CNG Compressor Driven Electric Motor With Complete Package | (1) Lot | US$ |
| (၄) | IFB-150(2013-2014) | Spares for IMW(Mother)Dispenser | (7) Items | US$ |
| (၅) | IFB-151(2013-2014) | Arc Transformer Welding Machine with Complete Accessories AC, 400AMP, Dry Type | (8) Nos | US$ |
| (၆) | IFB-152(2013-2014) | Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven | (10) Nos | US$ |
| (၇) | IFB-153(2013-2014) | Spares for GM 6V 53 Engine | (15) Items | US$ |
| (၈) | IFB-154(2013-2014) | Spares for GM 6V 71 Engine | (17) Items | US$ |
| (၉) | IFB-155(2013-2014) | Spares for CATD-3408PC Rig Engine | (26) Items | US$ |
| (၁၀) | DMP/L-047(2013-2014) | Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4) | (700)Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

# သီးဂိမ်းအပြီး၁ရစ္စမတ်ပွဲတော်ကာလတွင် အင်းဝသို့ နိုင်ငံခြားသားများလာရောက်လည်ပတ်မှုများပြား

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

ခရစ္စမတ်ပွဲတော်ကာလတွင် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ် အများအပြားလာရောက်လည်ပတ်လျက်ရှိနေကြောင်း၊ အိုးတုတ္တန်းဆိပ်ကမ်းမှ အင်းဝမြို့တွင်း လေးဌာနသို့ လိုက်ပါပို့ဆောင်ပေးနေသည့် မြင်းလှည်းယာဉ်များ ဝင်ငွေကောင်းနေကြကြောင်း သိရသည်။ အင်းဝမြို့တော်ဟောင်းသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်အများစုတို့သည် အင်းဝတံတားကြီးထိပ်ရှိ အင်းဝလမ်းခွဲ ဒုဋ္ဌဝတီမြစ်ငယ်ဆိပ်ကမ်းအထိ မော်တော်ယာဉ်များနှင့် လာရောက်ကြကာ မြစ်ငယ်မြစ်ကို ကူးတို့ စက်လေှာ်ဖြင့် ဖြတ်ကူးကာ အင်းဝအိုးတုတ္တန်းဆိပ်ကမ်းသို့ တက်ရောက်ကြသည်။ အိုးတုတ္တန်းဆိပ်ကမ်းမှ မြင်းလှည်းယာဉ်များကို ငှားရမ်းစီးနင်းကာ အင်းဝမြို့တွင်းသို့ လည်ပတ်ကြကြောင်း သိရသည်။ ဒုဋ္ဌဝတီမြစ်ငယ်မြစ်ကို ဖြတ်ကူးသည့် စက်လေှာ်ကူးတို့ခကို နိုင်ငံခြားသား ခရီးသွားဧည့်သည်တစ်ဦးလျှင် အသွားအပြန်ကျပ် ၈၀၀ ကောက်ခံကြောင်း၊ မြင်းလှည်းယာဉ်ခကို အင်းဝမြို့တွင်း လေးဌာန ပို့ဆောင်ခအဖြစ် ဧည့်သည်တစ်ဦးလျှင် ကျပ် ၃၀၀၀ တောင်းခံကြောင်း သိရသည်။

'အင်းဝကို လာလည်ကြတဲ့ နိုင်ငံခြားသားဧည့်သည်အများစုက အင်းဝတံတားကြီးထိပ် အင်းဝလမ်းဟောင်းမြစ်ဆိပ်အထိ ကားနဲ့လာကြတယ်၊ အဲ့ဒီကနေ မြစ်ငယ်မြစ်ကို ကူးတို့စက်လေှာ်နဲ့ဖြတ်ကူးပြီး အင်းဝမြို့ထဲကို မြင်းလှည်းနဲ့ လည်ပတ်ကြတယ်၊ လမ်းသစ်ကနေဝင်ပြီး အင်းဝမြို့ထဲအထိ ကားနဲ့လာလည်ကြတာ နည်းပါတယ်၊ မြင်းလှည်းခက တစ်ဦးကို သုံးထောင်ယူတယ်၊ နှစ်ဦးစီးရင် ခြောက်ထောင်၊ သုံးဦးစီးရင် ကိုးထောင် ယူပါတယ်၊ အင်းဝမြို့တွင်းက မယ်နုအုတ်ကျောင်းကြီး၊ နန်းမြင့်မျှော်စင်၊ ရတနာဆီမီးဘုရားနဲ့ ဗားကရာကျောင်းကို လိုက်ပါပို့ဆောင်ပြီး အိုးတုတ္တန်းဆိပ်ကမ်းကို ပြန်ပို့ပေးရတယ်။ တချို့ မြင်းလှည်းတွေက ဥတည်တံခါးက ဝင်ပြီး မယ်နုအုတ်ကျောင်းနဲ့ နန်းမြင့်မျှော်စင်ကို အရင်ပို့တယ်။ တချို့က မြို့ရိုးအပြင်လမ်းကပတ်ပြီး ရတနာဆီမီးနဲ့ ဗားကရာကို အရင်ပို့ပြီး အပြန်မှာ နန်းမြင့်မျှော်စင်နဲ့ မယ်နုအုတ်ကျောင်းကြီးကို ဝင်ပေးတယ်။ မြင်းလှည်းအစီးရေက ၂၀၀ ဝန်းကျင်ရှိတဲ့အတွက် ဧည့်သည်ကျတဲ့ အချိန်ဆိုရင် နှစ်ခေါက်တော့ဆွဲရတယ်၊ ဧည့်ပါးချိန်ဆိုရင်တော့ တစ်ခေါက်ပဲရတယ်'ဟု အင်းဝမြို့၊ အိုးတုတ္တန်းတွင် မြင်းလှည်းယာဉ်ပြေးဆွဲနေသူတစ်ဦးက ပြောပြသည်။

'အခုအချိန်ဆိုရင် ဧည့်သည်ကားတွေ တစ်နေ့ကို အစီး ၃၀ ဝန်းကျင်လာနေတယ်။ အမရပူရမြို့နယ် အင်းဝလမ်းခွဲထိပ် ကူးတို့ဆိပ်နေရာက နေရာကျဉ်းနေတော့ ကားတွေ ဝင်ရထွက်ရခက်တယ်။ အင်းဝတံတားလမ်းခွဲကနေ လေးဖာလုံရှည်တဲ့ လမ်းခွဲကတော့ ခင်းပေးထားလို့ တော်တော်ကောင်းပါတယ်၊ မြစ်ကမ်းကူးတို့ဆိပ်နေရာမှာ နေရာကျဉ်းနေတဲ့အတွက် ယာဉ်တွေ ရပ်နားဝင်ထွက်ရတာသာ ခက်ခဲနေတာပါ။ သက်ဆိုင်ရာတွေအနေနဲ့ နိုင်ငံခြားသား၊ ခရီးသွားဧည့်သည်ယာဉ်တွေ အဆင်ပြေပြေဝင်ထွက်သွားလာနိုင်အောင် စီစဉ်ပေးရင် ကောင်းမှာပါ။ နိုင်ငံခြားသားအများစုက နံနက်ပိုင်းမှာ အင်းဝကိုလည်တယ်၊ အင်းဝလည်ပြီးရင် စစ်ကိုင်းတောင်သွားတယ်။ စစ်ကိုင်းတောင်ကနေပြန်ပြီး တောင်သမန်အင်းနဲ့ ဦးပိန်တံတားဝင်ပြီး SUN SET ကြည့်ကြတယ်။ အခုရာသီမှာ ဥရောပခရီးသွား ပြင်သစ်၊ ဂျာမနီတွေ အဝင်များနေတယ်'ဟု ခရီးသွားလမ်းညွှန်တစ်ဦးက ပြောကြားသည်။

အင်းဝမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုရက်အတွင်း နေ့စဉ် ခရီးသွားဧည့်သည် ၂၅၀မှ ၄၀၀ ခန့်အထိ လာရောက်လည်ပတ်လျက်ရှိနေကြောင်း၊ ဇုန်ဝင်ကြေးအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံခြားသားတစ်ဦးလျှင် ကျပ်တစ်သောင်း ကောက်ခံကြောင်း၊ မယ်နုအုတ်ကျောင်းတော်ကြီးနှင့် ဗားကရာကျောင်းတို့တွင် ဇုန်ဝင်ကြေးစီစစ်ကောက်ခံရေးစခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

# မကွေးဆောင်း အအေးပို ဘေထုပ်ထည်ကျား အရောင်းတွင်ကျယ်

**မကွေး ဒီဇင်ဘာ ၂၃**

ဆောင်းအဝင်နောက်ကျခဲ့သော မကွေးဆောင်းသည် ယခုရက်ပိုင်းအတွင်း အအေးဓာတ်လွန်ကဲလာပြီဖြစ်သည်။ ညအပူချိန်သာမက နေ့အပူချိန်ပါ ကျဆင်းလာသဖြင့် မွန်းလွဲပိုင်းတွင်လည်း အနွေးအင်္ကျီများ ဝတ်ဆင်ကြရသည်။ 'ဒီနှစ်ဆောင်းကတော့ အတော်ထူးခြားတယ်၊ တန်ဆောင်မုန်းလမှာ လုံးဝမအေးဘူး၊ ပြီးသွားတဲ့ တန်ဆောင်မုန်းလပြည့် ညတုန်းကဆိုရင် အနွေးထည်မဝတ်၊ မီးမလှုံလိုက်ရဘူး၊ အခုနတ်တော်လပိုင်းရောက်တော့ ပြန်းခနဲ တော်တော်အေးသွားတယ်၊ မိုးနည်းနည်းရွာပြီးကတည်းက အေးတော့တာပဲ၊ ဒီလိုဆောင်းရာသီမျိုး မကြုံဖူးဘူး' ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ အအေးဓာတ်လွန်ကဲလာသည်နှင့်အမျှ ပလက်ဖောင်းလမ်းဘေးစျေးတန်းများတွင် ဘေထုပ်အနွေးထည် ဂျာကင်မျိုးစုံ အရောင်းသွက်လျက်ရှိနေသည်။ အနိမ့်ဆုံးကျပ်ငွေ ၁၅၀၀ မှ ၂၅၀၀ အထိ အော်ဟစ်ရောင်းချနေသော အနွေးထည်များကို ရန်ကုန်၊ မန္တလေးနှင့် လာရှိုးမြို့များမှ မှာယူတင်သွင်းကြကြောင်း၊ ဆောင်ဦးပိုင်းတွင် အရောင်းအေးခဲ့သလောက် ယခုရက်ပိုင်းတွင် လက်မလည်အောင် အလုပ်ဖြစ်နေကြောင်း ဘေထုပ်ရောင်းသူတစ်ဦးက ပြောကြားသည်။ ချုပ်ခစျေးနှုန်းပင်မရှိသော အအေးဒဏ်ကာကွယ်နိုင်မည့် ဘေထုပ်အနွေးထည်ဂျာကင်ပေါင်းစုံကို မွေ့နှောက်ရှာဖွေကြသူများ၊ ကိုယ်နှင့်ကိုက်မကိုက် အစမ်းသဘောဝတ်ကြည့်ကြသူများဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူနေကြသည်ကို တွေ့ရကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

# ရမည်းသင်းမြို့တွင် ကျောက်ချောလမ်းခင်း

**ရမည်းသင်း ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝတိုးချဲ့ကွက်သစ် (၃)ရပ်ကွက်အတွင်းရှိ လမ်းများနှင့် တံတားများအား ၂၀၁၃/၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏အထောက်အပံ့ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်မျိုးလတ် ဦးဆောင်ကာ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်အထိ တံတားများနှင့် ကျောက်ချောလမ်းများမှာ ပြီးစီးလုနီးပါးဖြစ်နေကြောင်း သိရသည်။

သီလဝ (၃)ရပ်ကွက်တွင် ကျောက်ချောလမ်း (၂၄)လမ်းနှင့် ကွန်ကရစ်တံတား(၂၁)ခုပါဝင်သည်။ ကျောက်ချောလမ်း ၂၄ အရှည်မှာ ခုနှစ်မိုင် လေးဖာလုံရှိပြီး လမ်းတစ်လမ်း၏ အကျယ်မှာ ၁၂ ပေ အမြင့် ၈ လက်မ ရှိသည်။ ကွန်ကရစ်တံတားတစ်ခုမှာ အရှည် ၁၈ ပေ၊ အမြင့် ၄ပေရှိ တံတား ၂၁ ခုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သလို လမ်း ၂၄ လမ်းမှာလည်း ၂၂ လမ်းပြီးစီးနေပြီဖြစ်သည်။ အဆိုပါ သီလဝကွက်သစ်များကို ၁၉၉၁ခုနှစ် ကစပြီး မြေတစ်ကွက်လျှင် အလျား ပေ ၆၀၊ အနံပေ၄၀ အကွက်ရိုက်ကာ ဝန်ထမ်းများအား ဦးစားပေးထားခဲ့သည်။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ လမ်းများမှာ ပျောက်လုနီးပါးဖြစ်နေသဖြင့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ထောက်ပံ့ငွေနှင့် ကျောက်ချောလမ်းနှင့် တံတားများအား မြို့နယ်စည်ပင်မှ ဆောင်ရွက်ပေးမှုကြောင့် ရပ်ကွက်နေပြည်သူတို့ ဝမ်းသာလျက်ရှိကြသည်။

ကျောက်ချောလမ်းများနှင့်တံတားများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၁၄ခုနှစ် မတ်လ ၃၁ရက် နောက်ဆုံးထား၍ ပြီးစီးအောင် အင်ဂျင်နီယာနှင့် လက်ထောက်အင်ဂျင်နီယာ၊ ဒုအင်ဂျင်နီယာတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခခ၅)**

## မုဒိတာ အိမ်ရာ(၁)

သာမန်အခန်းတစ်ခန်းကို
ပိုင်ရှင်ထံမှ ငှားရမ်းလိုပါသည်။
ဖုန်း-၀၉-၇၃၀၇၄၇၂

## MCC Training Institute

University of Hertfordshire (UK) နှင့် NCC Education UK တို့မှ
တိုးတက်မှုကိုဆန့်ကျင်သည့် ထွဋ်သင်တန်း

**Post Graduate**
**Diploma in Strategic Business IT**
**(Pg.D)**

"အဓိကနှိုင်း University of Greenwich မှ ဘွဲ့ရကြောင်းသာ ---"

- **B.Sc (Hons) Business IT** (ကွန်ပျူတာ ထိန်းချုပ်)
- **Level- 5 Diploma in Computing (L5DC)**
  (ဗုဒ္ဓါဝယနှစ် ကွန်ပျူတာ ဒီပလိုမာ)
- **Level- 4 Diploma in Computing (L4DC)**
  (ပထမနှစ် ကွန်ပျူတာ ဒီပလိုမာ)

## High Tech Concrete Co., Ltd.

(ဖြစ်ပျိုးတင်ခင်းခေါ် ပျည်ရည်)

High Tech Concrete Co.,Ltd. (ပြုစုပ်ပေးရောင်း Project) မှ ဆောက်လုပ်ပြီးမြောက်ပြီး ယာယီမှတ်ပုံတင်ထားရန် အလိုငှါးရောင်းရောင်းလိုပါသဖြင့် ဖော်ပြပါ ယာယီမှတ်ပုံတင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမှတ်အမည်အမျိုးအမည် | အရေအတွက် | ရရှိကုန်ပုံ |
|---|---|---|---|
| 1 | AG Truck 28/4771 | 1 | No |
| 2 | AG Truck 28/4772 | 1 | No |
| 3 | AG Truck 28/4766 | 1 | No |
| 4 | AG Truck 58/3349 | 1 | No |
| 5 | AG Truck 58/3341 | 1 | No |
| 6 | AG Truck 58/3112 | 1 | No |
| 7 | AG Truck 58/3883 | 1 | No |
| 8 | Schwing Pump | 2 | No |
| 9 | Putzmeister 1406 | 1 | No |
| 10 | Putzmeister 1407 | 1 | No |

1 (B), Yan Gyi Aung Road, Thaketa Industrial Estate, Thaketa Township, Yangon.
Phone- 01-553344

No.42-46, Corner of Strand Road & Industrial Road, Industrial Zone(2), Shwe Pyi Thar Township, Yangon
Phone-01-618033

E7,E9 Mya Sabai Road, Mya Sein Yaung Industrial Zone,Hlaing Thar Yar Township,Yangon.
Phone-09541247 8

## ဆောင်းမြေပဲစိုက်ခင်းများ ဆေးဖျန်းသော်လည်း ပိုးမသေ

**ကန့်ဘလူ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ဆောင်းမြေပဲစိုက်ခင်းများမှာ ရွက်ပိုးများကျနေ၍ ပိုးသေရန်ဆေးများ ပက်ဖျန်းကြသည်။ ရွက်ပိုးများမှာ နေ့အခါတွင် အပင်ခြေရင်း မြေကြီးအတွင်း ဝင်ပုန်းနေကြ၍ ညရောက်မှသာ အပင်ပေါ်တက် အရွက်နုများကို စားသောက်ကြသည်။ ပိုးများ မသေ၍ လယ်သမားများမှာ စိတ်ပျက်ညည်းညူနေကြကြောင်း သိရသည်။

"အခုမြေပဲခင်းတွေ ပိုးကျတာက၊ နောက်စိုက်တဲ့အခင်းတွေဗျ၊ အရင်ကျတဲ့ သူတွေက အပင်တွေက အရွက်တွေကြမ်းနေတော့ ဘယ်ပိုးမှမကျ၊ မစားသောက်ကြဘူး၊ အခုနောက်စိုက် အခင်းတွေက အရွက်နုနုဆိုတော့ စားကောင်းသောက်ကောင်းဖြစ်နေတယ်လေ လူတွေက နေ့အခါကျမှ ဆေးဖျန်းကြတာ၊ ပိုးတွေက ညရောက်မှ အပင်ပေါ်တက်စားကြတာ၊ တစ်ခြားစီဖြစ်နေတော့ ပိုးတွေ မသေတော့ဘူးဗျ၊ ဆေးဖျန်းလည်း အလကားပဲဖြစ်နေတော့တာ"ဟု လယ်သမား မောင်ဦးလင်းက ညည်းညူပြောကြားသည်။

ပိုးများ၏သဘောမှာ နေခင်းပူပြင်းချိန်၊ ဆေးများပက်ဖျန်းချိန်တို့တွင် မြေပဲပင်ခြေရင်း မြေကြီးအတွင်း ဝင်ခိုနေကြ၍ ဆေးပက်ဖျန်းခံရခြင်း မရှိကြပေ။ ညရောက်လာမှ အပင်ပေါ်တက်ကာ စားသောက်ဖျက်ဆီးနေကြခြင်းဖြစ်သည်။ မြေပဲချ(စိုက်)နောက်ကျသော လယ်သမားများ၏ စိုက်ခင်း မှန်သမျှ ပိုးများကျရောက်ခြင်းဖြစ်နေကြောင်း သိရသည်။

**ကန့်ဘလူ (ကံတင်အောင်)**

## သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဆွေးနွေး

**ဟသ်တ ဒီဇင်ဘာ ၂၃**

သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဟသ်တမြို့ ညောင်ပင်ရပ်ကွက် နွေဦးသစ္စာခန်းမတွင် ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသည်။

ဟသ်တမြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး၊ ဦးစီးအရာရှိ ဦးစံလှမှ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်ကျော်**

## ဆက်သွယ်ရေးကြိုးလိုင်းနှင့် တိုင်များ လဲလှယ်တပ်ဆင်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မြို့နယ်အော်တိုအိတ်ချိန်းမှ အိုဟောင်းနေပြီဖြစ်သော ဆက်သွယ်ရေးကြိုးလိုင်းများနှင့် တိုင်များကို ယခုလတွင် အသစ်လဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကြိုးလိုင်းနှင့် တိုင်များမှာ ၁၉၉၇ခုနှစ်တွင် တပ်ဆင်ထားခြင်းဖြစ်၍ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုပိုမိုများပြားလာပြီး တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရန် တိုင်းဒေသကြီး ရုံးမှ ညွှန်ကြားမှုဖြင့် ဒလမြို့၊ တွံတေးမြို့နယ်များမှ ဆက်သွယ်ရေးဝန်ထမ်းများ ပူးပေါင်းကာ လဲလှယ်တပ်ဆင်ခြင်းဖြစ်သည် (၇)မီတာ ကွန်ကရစ်တိုင်(၆၁)တိုင်၊ (၈)မီတာ ကွန်ကရစ်တိုင် (၁၀)တိုင်နှင့် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများကို အမြန်ဆုံးလဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း ဒလမြို့အော်တိုအိတ်ချိန်းရုံးမှ သိရသည်။

**ဗညားမောင်မောင်**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

**အသိတစ်ယောက်နှင့်ဆုံသည် "ပင်စင်ယူပြီးရင် ဘာလုပ်မှာလဲ" စပ်စုသည်။ နှစ်ပေါင်း(၄၀)ကျော် မရပ်မနားအများအတွက် လုပ်ခဲ့ပြီးပြီ။ နားတော့မည်။ ဘဝ၏လက်ကျန်နေညီချိန်ကို စာဖတ်စာရေး အေးအေးဆေးဆေး လျှောက်လှမ်းတော့မည်။ "ကုမ္ပဏီတစ်ခုခုမှာ လုပ်ပါလား" အကြံပေးစကားထပ်ပြောလာသည်။ "စကားနည်းရန်စ" ပြုံးပြကာ နှုတ်ဆိတ်ပြန်ခဲ့သည်။**

## ပင်စင်ခရီးသည်

ပင်စင်မယူခင်ကတည်းက ဖြတ်သန်းရမည့် လက်ကျန်ခရီးကို ကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ နှစ်ပေါင်း(၄၀)ကျော် မူလတန်းပြကျောင်းဆရာအတွက် ရရှိလာမည့် ပင်စင်ထောက်ပံ့ငွေမှာ ၃၄၈၀၀ ကျပ်။ တစ်နေ့ တစ်ထောင်ကျော်ဆိုတော့ နံနက်စာအဆင်ပြေသည်။ ညနေစာ ရှောင်နိုင်မှ ဖြစ်တော့မည်။ ဖြစ်အောင်လည်း ကြိုတင်လေ့ကျင့်ခဲ့သည်။ အစပထမ အခက်အခဲရှိလည်း တဖြည်းဖြည်းနှင့် အဆင်ပြေလာသည်။ လက်ဖက်ရည်တစ်ခွက် မာရီဘီစကွတ် မုန့်တစ်ထုပ်နှင့် ညနေချိန်ကို ဖြတ်သန်းနိုင်ခဲ့သည်။ (မှတ်ချက်။ ။ ယခုပင်စင်ငွေတိုးလာ၍ ၄၆၈၀၀ ကျပ် ဖြစ်သွားပါပြီ။)

ညနေစာရှောင်ခြင်းသည် စီးပွားရေးအမြင်မရှိ တစ်သက်လုံး ကျောင်းဆရာအသိနှင့် အပိုဝင်ငွေ မရှာတတ်သော မိမိအတွက် အကောင်းဆုံး၊ အမှန်ကန်ဆုံးရွေးချယ်မှု။ တစ်ဖက်တွင် အသက်အရွယ်အို့မင်းရင့်ရော် "ပါစက" ဓာတ်အားနည်းလာချိန် အစာအိမ်ချေဖျက်နိုင်စွမ်းလည်း အားနည်းလာခဲ့ပြီ။ အခြားတစ်ဖက်တွင်လည်း ဘုရား၊ ရဟန္တာ သူတော်ကောင်းများ၏မြတ်သောအကျင့် ဝိကာလ ဘောဇနာသိက္ခာပုဒ်ကို ဆောက်တည်ပြီးသားလည်း ဖြစ်သွားသည်။ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" သွားသည့် ညနေစာ ရှောင်ခြင်း၏ အကျိုးကျေးဇူးရလဒ်ထူး။

ပင်စင်နာကို စာပေရေးသားမှုနှင့် ကုစားခဲ့သည်။ ပညာရေးဂျာနယ် စာပေမဂ္ဂဇင်းများတွင် ပါဝင်ရေးသား "မြေစမ်းခရမ်းပျိုး"ခဲ့သည်။ နှစ်ပေါင်း ၄၀ ကျော် ကလေးတွေကြားမှာပျော်၊ မြေဖြူကိုင်လာတဲ့"လက်"၊ စာပေကြားမှာ "ကလောင်" ပြောင်းကိုင် အဆင်ပြေလာခဲ့သည်။ ဘဝတစ်ဆစ်ချိုးမှန်ခဲ့ပါသည်။

မလွဲမရှောင်သာ ရင်ဆိုင်လာရမည့် နာခြင်း၊ သေခြင်းတရားနှစ်ပါးကိုလည်း ကြိုတင်ရှုမြင်ပြင်ဆင်ခဲ့သည်။ ပင်စင်အိုတစ်ယောက်ဘဝမှာ ဆေး၄၊ ဆေးခန်း အလှမ်းဝေးလွန်းသည်။ ကူပါကယ်ပါ လုပ်ရမည်ကိုလည်း "နှစ်ပြားတစ်ပဲ" လက်ကျန်သိက္ခာလေးကိုင့် ဝန်လေးနေမိသည်။ မိုက်မာနဟု ဆိုရမည်လား။ ကိုယ့်အားကိုယ်ကိုးမည်ဟု ဆုံးဖြတ်ထားသည်။ ဖြစ်လာလျှင် ဘုရားဆေး၊ တိုင်းရင်းဆေးများနှင့် ကုမည်။

"ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ"ဆို စကားအတိုင်း ဝမ်းမှန်အောင် နေထိုင်စားသောက်သတိနှင့်ရှိနေသည်။ မိမိက ရာသက်ပန် သက်သတ်လွတ်သမား။ အစာမကြေဖြစ်ခဲသည်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုစကားအရ စားသည့်အစာကို သတိထားဆင်ခြင် ကြိုတင်ကာကွယ်မှုပြုနေသည်။ နာခြင်းတရားကြုံရပြီဆိုလည်း ဘုရား၊ ရဟန္တာများတောင် မလွန်ဆန်နိုင်သော ဝဋ်နာ၊ ကံနာ ဟုသာ ခံယူပြီး သေခြင်းတရားကို ရင်ဆိုင်သွားရမည်သာ။

ဘဝမှာ အထူးသတိထားဖြတ်သန်းရမည့် စပ်ကူး မပ်ကူးခရီးတို့ ထိုခဏတာကာလလေးတစ်ခုရှိသည်။ ရဟန်းကြီးတစ်ပါး ကျားဆွဲခံရရင်း ကျားပါးစပ်ဝတွင် ကွယ်လွန်ခါနီး ထိုခဏမှာ တရားထူးရသွားသည်။ သာသနာ့ဒါယကာ သီရိမ္မာသောကမင်းကြီး ကွယ်လွန်ခါနီး ဒေါသမီး တစ်ချက်ကြောင့် အပါယ်ဘုံသို့ ရောက်သွားရသည်။ မိုးကုတ်ဆရာတော်ကြီး အလီလီ သတိပေးမြဲ ထိုခဏလေးများ။ "အသေမဦးခင်၊ ဥဏှီးထားမှ" အနာဂတ်ခရီးအတွက် စိတ်ချရမည်။ သေပြီးနောက်ကား ပြဿနာမရှိပါ။ နာရေးကူညီမှုအသင်းရှိသည်။ တစ်နေ့တည်းနှင့် ကိစ္စပြီးသွားနိုင်သည်။

လူ့ဘဝ အသက်(၄၀)မှစသည်။ အနောက်တိုင်း၏ စကားပုံတစ်ခု။ ဘဝ၏ ကျိုးကြောင်းဆိုးကောင်း ချိ၊ ငန်၊ စပ်၊ ခါး ရသစုံကို သိပြီးချိန် လမ်းကြောင်းမှန်နေသင့်ပြီဟု သတိပေးစကား ဥပမာတစ်ခုဟု ဆိုနိုင်သည်။ မိမိတို့ ပင်စင်အိုများ အသက်(၆၀)ကျော်ခဲ့ပြီ။ တစ်ချိန်က မည်သို့ရှိခဲ့ပါစေ။ လက်ကျန်အချိန်လေးမှာ အချိန်ရှိခိုက် လုံ့လစိုက်ကြရတော့မည်။ ပြင်သင့်တာပြင် ရှုသင့်တာရှု ဂရုတစိုက် တစိုက်မတ်မတ်နှင့် အသော့နှင်ကြရတော့မည်။

သမုဒယကြောင့် ဒုက္ခဖြစ်ရသည်။ လူသာမန်နားလည်လွယ်သော ဗုဒ္ဓဘုရား၏ကရုဏာစကား၊ သမုဒယအနည်းအများပေါ်မူတည်၍ ဒုက္ခအနည်းအများရှိတတ်သည်။ သမုဒယမရှိက ဒုက္ခမရှိပါ။ သံသရာအတွက် အာမခံချက်မပေးနိုင်သော သမုဒယဝန်ထုပ်ဝန်ပိုးကို လျှော့နိုင်သမျှ လျှော့ကာ နေညိုချိန်ခရီးကို လွတ်လပ်ပေါ့ပါးရှိနိုင်ကြပါစေ။

ဘဝတူပင်စင်အိုများသို့ ရည်ညွှန်းပါသည်။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

CLASS OF 83 (B.V.S) GATHERING
ဘဲဥကုန် ၁၉၈၃ B.V.S အွဲ့ရဲဘော်ယမင်းများကို ဖိတ်ကြားလျှောက်

ASIA Language & Business Academy (ALBA)
Admin Manager – ကျား/မ (၁)ဦး
Centre Manager – ကျား/မ (၁)ဦး
Business Manager – ကျား/မ (၁)ဦး
CV

Face to Face
LANGUAGE CENTRE
BASIC ENGLISH SPEAKING
1 Jan 2014
09-254 114 677

The Examination Guide
ပေးဒွန်း(၅)ခုနှစ်၊ စံပြအဝေးပြမှာ
ဘယ်ပြိုပြို ဆိုင်ကိုင်းတွင် ရမှိနိုင်ပါပြီ။
ဝိဇ္ဇာတွဲ ၊ ဝိပ္ပတွဲ ၊ သိပ္ပတွဲ

## မန္တလေးတောင်တက်လမ်းနှင့် တောလမ်းဖြတ်စက်ဘီးစီးပြိုင်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ကကြီးမှူး၍ မန္တလေးအပျော်တမ်းစက်ဘီးစီးအဖွဲ့က ဦးစီးကျင်းပသော မန္တလေးတောင်တက်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်ဆင်းတောလမ်းဖြတ်အခက်အခဲကျော် စက်ဘီးစီးပြိုင်ပွဲ တာလွှတ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၆၆)လမ်းထောင့်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်တက်ရောက်အားပေးပြီး ပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

မန္တလေးတောင်တက် စက်ဘီးစီးပြိုင်ပွဲတွင် ၅၈ ဦး၊ တောင်ဆင်းတောလမ်းအခက်အခဲကျော် စက်ဘီးစီးပြိုင်ပွဲတွင် ၂၈ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ တောင်တက်စက်ဘီးစီးအားကစားသမားများသည် ဆုတောင်းပြည့်ဘုရားရင်ပြင်တွင်လည်းကောင်း၊ တောင်ဆင်းစက်ဘီးစီးအားကစားသမားများသည် ဘိုးဘိုးကြီးနန်းအနီးတွင် ပန်းဝင်ကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝေဇင်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ကူညီဝတ်စုံများပေးအပ်

**ဘိုကလေး ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၂၈ ဦးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ထောက်ပံ့သည့်တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတိုးလွင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးထွန်းအောင်ကြည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းမြင့်တို့ထံ ဝတ်စုံများပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်မြန်/ဆက်)**

စီးပွားရေးကြော်ငြာ

## အင်းဝရတနာဆီမီးဘုရားစုမှ ပျားကြီးအုံများကို နိုင်ငံခြားသားများ ဦးတည်သည်များ စိတ်ဝင်စား

**အင်းဝ ဒီဇင်ဘာ ၂၃**

နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေသည့် အင်းဝရွေးဟောင်းယဉ်ကျေးမှုနယ်မြေ ရတနာဆီမီးဘုရားစုတွင် ပေါက်ရောက်တည်ရှိနေသည့် လက်ပံပင်ကြီးပေါ်တွင် ယခုအခါ ကြီးမားသည့် ပျားကြီးအုံနှစ်အုံ လာရောက်အုံဖွဲ့မှုရှိနေသဖြင့် ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများပါ စိတ်ဝင်စားလျက်ရှိနေကြောင်း သိရသည်။

ပျားကြီးအုံ နှစ်အုံမှာ ရတနာဆီမီးဘုရားစု၏ အနောက်တောင်ဘက်ထောင့်တွင် ပေါက်ရောက်နေသည့် လက်ပံပင်ကြီးပေါ်တွင် ဘုရားဘက်သို့ ဖြာထွက်နေသည့် ကိုင်းနှစ်ကိုင်း၏ အမြင့်ပေ ၄၀ ခန့်တွင် အုံဖွဲ့နေခြင်းဖြစ်သည်။ ပျားကြီးအုံများမှာ နှစ်ပေခန့်မျှကြီးမားပြီး ပျားကြီးများမှာ ဘုရားဖူးများ၊ လူတိရစ္ဆာန်များကို နှောင့်ယှက်မှု အန္တရာယ်ပြုမှုတစ်စုံတစ်ရာမရှိကြောင်း၊ လူသူတိရစ္ဆာန်များနှင့် လွတ်ကင်းသည့် မြင့်မားသောသစ်ကိုင်းကြီးများတွင် စွဲအုံနေခြင်းကြောင့် လူသူများကလည်း ပျားကြီးအုံများကို နှောင့်ယှက်ခြင်းမပြုကြကြောင်း သိရသည်။

"လက်ပံပင်ပေါ်မှာ ပျားကြီးအုံတွေလာစွဲတာ တစ်လလောက်တော့ရှိပြီ။ ပျားကြီးတွေက လူတွေ၊ တိရစ္ဆာန်တွေကို တုပ်တာလုံးဝမရှိဘူး။ နိုင်ငံခြားသားတွေ၊ ဘုရားဖူးလာသူတွေက ပျားကြီးအုံတွေမြင်တော့ စိတ်ဝင်စားကြတယ်။ တချို့က ပျားအုံအကြီးကြီးတွေ မမြင်ဖူးတော့ အထူးအဆန်းအနေနဲ့ ကြည့်ကြတာပေါ့။ ဒီမှာလည်း ပျားကြီးအုံတွေက ရှားပါးတယ်။ အများအားဖြင့် ပျားကြီးအုံတွေက တောတောင်စိမ့်စမ်းထူထပ်ရာမှာ အုံဖွဲ့ကြတာပေါ့"ဟု ဒေသခံစေးရောင်းချသူတစ်ဦးက ပြောသည်။

ရတနာဆီမီးဘုရားစုသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက် လေ့လာလည်ပတ်ကြသည့် အင်းဝလေးဌာနတွင် ပါဝင်ပြီး ပြည်တွင်းပြည်ပ ဘုရားဖူးလည်ပတ်သူများဖြင့် စည်ကားသည့် ဘုရားတစ်ဆူဖြစ်သည်။ အင်းဝ မီးသွေးတိုက်အုပ်စုတွင်တည်ရှိပြီး လောကသရဖူဘုရား၊ ဗားကရာကျောင်းကြီးသို့ သွားရောက်သည့် အင်းဝ-ဆင်ကျုံးလမ်းမဘေးတွင် တည်ရှိကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

## တိုင်းဒေသကြီး တရားသူကြီးချုပ် သရက်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးစိန်ထွန်းသည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျင်တင်၊ သရက်ခရိုင်တရားသူကြီး ဒေါ်အေးအေးသန်းနှင့် သရက်မြို့နယ် တရားသူကြီး ဒေါ်ခင်အေးသစ်တို့နှင့်အတူ ဒီဇင်ဘာ ၁၇ ရက်က သရက်အကျဉ်းထောင်နှင့် သရက်မြို့မရဲစခန်းရှိ အချုပ်ခန်းတို့ကို လိုက်လံစစ်ဆေးခဲ့သည်။

ရှေးဦးစွာ အကျဉ်းထောင်အရာရှိ ရုံးခန်း၌ ထောင်မှူးဦးသန်းဌေးက သရက်အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ကျခံရသူများ၏နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့က သရက်အကျဉ်းထောင်ရှိ အပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်တရားခံများ၏ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိမှု ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုရှိ၊ မရှိစသည်တို့ကို ပြစ်ဒဏ်ကျတရားခံများ၊ အချုပ်တရားခံများနှင့် တွေ့ဆုံမေးမြန်းကာ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြင့်မြင့်ဆွေ)**

## ဒဟတ်ပင်ရေနံမြေ၌ ရေနံထွက်အားကောင်းလာ

**အထက်မင်းလှ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှခရိုင် ရေနံမြေလက်တူးတွင်းများအနက် ဒဟတ်ပင်ရေနံမြေနှင့် ရေနံမရေနံမြေများသည် လက်ရှိအနေအထားတွင် ရေနံထွက်အားကောင်းနေပြီး ထန်းကိုင်းရေနံမြေမှာ ထင်သလောက်မထွက်တော့ကြောင်း ရေနံလုပ်သားများထံမှ သိရသည်။

ဒီဇင်ဘာလအတွင်း ဒဟတ်ပင်ရေနံမြေတွင် တစ်ရက်ရေနံပီပါအလုံး ၃၀ မှ ၄၀ အထိရသော တွင်းများရှိလာသည်။

"အခုရက်ပိုင်း ရေနံစျေးကလည်း အတော်လေးတက်လာတယ်၊ တစ်ပီပါ ကျပ် ၁၁၅၀၀၀ အထိ စျေးရတယ်၊ ဟိုတုန်းက တစ်ပီပါမှ ကျပ် ၅၀၀၀၀ လောက် ရောင်းရတာ"ဟု ဒဟတ်ပင်ရေနံမြေမှ တွင်းပိုင်တစ်ဦးက ပြောသည်။ ယခုအခါ ဒဟတ်ပင်ရေနံမြေသို့ ရေနံတူးရန်အတွက် ဒေသအသီးသီးမှ စီးပွားရှာရန် ရောက်ရှိနေကြသဖြင့် စည်ကားနေကြောင်း သိရသည်။ **(မကွေးလှမြင့်)**

ဆရာသုတ (ဘာတုဒေဝ) စီးဝင်းသော
Top-Ten / All-D ဘဝနိုးကြားပိုင်း
NGL ဘာသင်ခန်းစာများ
ဝင်ကုမ္ပဏီ သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09 - 73005053
09 - 5122010
Native Speaker
GETC
Opening in January
Basic English
Communicative English
General English
Business English
ဟောင်ညီကြာ
EPS-KLT(TOPIK)
EVEN TOP
MITSUBISHI CANTER TRUCK (ရောင်းရန်)
+14', 3တန်, 5200c.c, 2003
+14', 2တန်, 4200c.c, 2003
+10', 3တန်, 4200c.c, 2003
+10', 1.5တန်, 2800c.c, 2004
09-420 212 614
MIC
Myanmar Imperial College
"Leaders with qualified skills, positive attitudes and ethics can change the world for the better."
STUDY UK-MBA in Myanmar
MBA
Master of Business Administration
December Intake
09 732 10001/ 01 537562

# ဝမ်းတွင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ အသိပညာပေးဟောပြောပွဲများဆောင်ရွက်

**ဝမ်းတွင်း ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စိန်ပန်းပင်ကျေးရွာဘုန်းတော်ကြီးကျောင်းမှာရုံ၌ ဒီဇင်ဘာ ၂၄ ရက်မွန်းလွဲ ၁ နာရီက ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုးမြင့်က ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးတွင် ပြည်သူများက ဖြေကြားရမည့်အချက်(၄၁)ချက်အား တိကျမှန်ကန်စွာ ဖြေကြားပေးရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူဦးရေနှင့်အိမ်အကြောင်းအရာကောက်ယူသည့် သန်းခေါင်စာရင်းလုပ်ငန်း၏အရေးပါမှု၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ပြည်သူများဘက်မှ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအရေးကြီးမှုတို့ကို အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# ဖြူးမြို့တွင် ညအပူချိန်လျော့၍ အအေးပိုသဖြင့် ဘေထုပ်အနွေးထည်များ အရောင်းသွက်

**ဖြူး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် ဒီဇင်ဘာ ဒုတိယပတ်မှစ၍ ဟေမန္တဆောင်းအဝင်ကြမ်းသဖြင့် ညအပူချိန်များလျော့ပါးကာ အအေးပိုလာခဲ့ပြီး အအေးဒဏ်ကာကွယ်ရန် ဘေထုပ်အနွေးထည်ဆိုင်များ အရောင်းသွက်လျက်ရှိသည်ကို တွေ့ရသည်။

ဘေထုပ် အနွေးထည်များမှာ ချုပ်လုပ်ခ စျေးသက်သာသည့်အပြင် စျေးနှုန်းချိုသာ၍ မြို့ပေါ်ရပ်ကွက်များမှ ဆင်းရဲသားများနှင့် ကျေးလက်နေပြည်သူအများစုတို့မှာ အအေးဒဏ်ကာကွယ်ရန်အတွက် ဘေထုပ်အနွေးထည်ဆိုင်များကိုသာ အားထားရွေးချယ် ဝယ်ယူလျက်ရှိကြရာ ကလေးဝတ်အနွေးထည် တစ်ထည် ကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ ၊ လူကြီးဝတ်အနွေးထည် တစ်ထည်လျှင် ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ၄၅၀၀ ကျပ်ဖြင့်သာ ရွေးချယ်ဝယ်ယူရရှိနေကြသဖြင့် ဘေထုပ်သည်များမှာလည်း အရောင်းသွက်ကာဝင်ငွေကောင်းကြပြီး ဝယ်ယူဝတ်ဆင်သူများမှာလည်း အဆင်ပြေကြသဖြင့် ဟေမန္တဆောင်း၏အချမ်းဒဏ်ကို ဘေထုပ်အနွေးထည်များဖြင့် သာကာကွယ်ကြရတော့မည်ဖြစ်သည်။

"ကျုပ်တို့ ကျေးလက်တောင်သူလယ်သမားများမှာ အသစ်စက်စက်ချုပ်ပြီး သောင်းကျော်တန် အနွေးထည်များကို ဝယ်ဝတ်ဖို့ဆိုတာ လက်ရှိကာလမှာ စဉ်းတောင်မစဉ်းစားရဲပါဘူးဗျာ၊ အအေးဒဏ်ကိုကာကွယ်ဖို့ အတွက်တော့ ဒီဘေထုပ်အနွေးထည် အရောင်းဆိုင်များကိုသာ အားကိုးနေကြရတာပါပဲ" ဟု ကျေးလက်နေ လယ်ယာလုပ်သားတစ်ဦးက ဘေထုပ်အနွေးထည်ရွေးရင်း ပြောဆိုသံကိုကြားခဲ့ရသည်။

**(ဖြူးမြင့်ဦး)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဒလ ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ထွန်းနှင့်အဖွဲ့သည် ရပ်ကွက်နေပြည်သူများအား လျှပ်စစ်ဓာတ်အားသုံးစွဲရာ၌ အစဉ်အသိ၊ သတိထားကာ အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်စေရန် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက (၁၁/၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပုတင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက လျှပ်စစ်မီတာများကိုလည်း နေ့ချင်းပြီး အမြန်ဆောင်ရွက်တပ်ဆင်ပေးနေကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ အခက်အခဲဖြစ်ပေါ်ပါက အမြန်ဆုံးဆောင်ရွက်ကူညီနိုင်ရန် အချိန်မရွေးတိုက်ရိုက်ဖုန်းဆက်အကြောင်းကြားပါရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာများကို ပညာပေးဟောပြော၍ တက်ရောက်လာသော ရပ်ကွက်ပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

အလားတူ မှော်စက်၊ ကမာကဆစ်၊ မြို့မ (၂)၊ (၃)၊ အုံ့ကြီးအရှေ့/အနောက်ရပ်ကွက်များတွင်လည်း အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်ရှိသော ရပ်ကွက်အားလုံးတွင်လည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သန်းဌေး-ဒလ)**

**လူမှုရေး/စီးပွားရေးကြော်ငြာ**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

"ရန်ကုန်စက်မှုတက္ကသိုလ်မြို့ပြအင်ဂျင်နီယာ(သစ္စလေ-သစ္စရေ)ဆောင်းသား/ဆောင်းသူဟောင်းများ၏ သတ္တုမဟေဒြိပ်ပြောက်အာစရိယသူတော်ပွဲနှင့်ပိတ်ဆုံးညစာစားပွဲပိတ်ကြေးလွှာ"

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ(သစ္စလေ-သစ္စရေ) သတ္တုမဟေဒြိပ်ပြောက်မြတ်ဆရာသူတော်ပွဲနှင့် ဆောင်းသား/ဆောင်းသူဟောင်းများ၏ ပိတ်ဆုံးညစာစားပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သည့် ပိတ်စာရသည်ဖြစ်စေ၊ ပိတ်စာမရသည်ဖြစ်စေ ဆောင်းသား/ဆောင်းသူများအားလုံးကြွရောက်ပေးပါရန် တင်မင်္ဂလာစာရွှာပိတ်ကြေးတောင်းပါသည်။

နေ့ရက် - ၁၁.၁.၂၀၁၄ (စနေနေ့)
အချိန် - ညနေ (၃)နာရီ မှ ည (၉)နာရီအထိ
နေရာ - Hotel Yangon (ရွှေမိုင်လမ်းဆုံ ၊ ပြည်လမ်း ၊ ရန်ကုန်မြို့)

ဆက်သွယ်ရန်
(၁) ဦးစိုးဝင်း (ဂုဏ်း - ၀၉-ရ၅၁ ၉၇၅၄)
(၂) ဦးကျော်မင်း (ဂုဏ်း - ၀၉-ရ၅၁ ၇၆၆၈)
(၃) ဦးတောရွှေဆော် (ဂုဏ်း - ၀၉-ရ၅၁ ၉၇၅၄)
(၄) ဒေါ်မြင့်မြင့်ဝေ (ဂုဏ်း - ၀၉-ရ၅၁ ၂၄၅၅)
(၅) ဦးဝင်းမော်ကျော (ဂုဏ်း - ၀၉-ရ၅၁ ၀၇၈၆)

အာစရိယသူတော်ပွဲကြေးပြောက်ရေးကော်မတီ
(၆) ဦးဝင်းမြင့် (ဂုဏ်း - ၀၉-၂၈၁ ၉၇၅၅)
(၇) ဦးမိုးသောင်း (ဂုဏ်း - ၀၉-၂၈၄ ၄၂၂၂)
(၈) ဦးဘိန်းလွင်ဆောင် (ဂုဏ်း - ၀၉-ရ၅၁ ၀၂၈၈)
(၉) ဒေါ်ကင်ပိန်ရွှေ (ဂုဏ်း - ၀၉-ရ၅၁ ၆၂၈၁)
(၁၀) ဒေါ်မင်းဆန်းလွင် (ဂုဏ်း - ၀၉-ရ၅၁ ၁၉၇၁)

**ရောင်းမည်**
သပြေညိုလမ်း၊မြေနီကုန်း၊ ရှင်စောပု၊ စမ်းချောင်း၊ ပေ (၂၆½ × ၆၁) ကျယ်၊ ရှစ်လွှာ၊ ဓာတ်လှေကားပါ၊ အဆင့်မြင့်၊ ပြင်ပြီး၊ L- 2000
Ph: 09- 73166983

**ရောင်းမည်**
Hilux SURF 2000 model
3.0 SSR G Silver
Latest number သိန်း (၂၉၀)
Ph: 09- 250260094

MBE မှ တည်ထောင်ထားသော BCB Centre တွင်
လုပ်ငန်းရှင်တွေ၊ သက်ဝင်စိတ် အားထုတ်နေသူများနဲ့ အလုပ်ရှာနေသူများအတွက်
INTENSIVE BUSINESS ENGLISH
သတ်မှတ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ (၁၈) ရက်နေ့တွင် အတိုချုံ Special Guidance Areas များကြောင့် သင်ကြားပို့ချပါမည်။
- Business Letter Writing
- Effective Business Email
- Business English Grammar
- Idioms, expression, vocabulary, acronyms related to Business
- Professional Telephone Etiquette
- သင်တန်းကာလ - ညနေ ၅၂၀ နာရီ မှ ၇၃၀ နာရီ (အနေ အတန်းနေ)
- သင်တန်းကာလ - (၂) လ ၁၂ ရက်
Ph: 01 538531, 01 505072, E-mail: bcbcentre2005@gmail.com

MBE မှ တည်ထောင်ထားသော BCB Centre တွင်
Business Management Course Part (I)
၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ (၁၀) ရက်နေ့တွင် ဖွင့်လှစ်မည်။
ဒီသင်ရိုးအရာရပ်ပေါ်တွင် နည်းပညာကျွမ်းကျင်ပြီး ကမ္ဘာ့ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ကျော်ဖြတ်ကျော်ပြီး ဆောင်ရွက်နိုင်ရေး အကောအကယောကောင်းသည့် ဒီရေးရာရေး လုပ်ငန်းရှင်များ ဖော်လွှမ်းရေးနှင့် ဒီသင်ခန်းစာများ၏ ရှင်းပြောင်ရည်ထားပြီး ပြင်ပကုမ္ပဏီများ ပေါ်ပေါက်ပြီးနောက် ဆက်ပြီးတည်တံ့ ကြီးပွားနိုင်ရေးအတွက် ကိုယ်ပိုင်ကုမ္ပဏီများ ကိုယ်ပိုင်ဝန်ထမ်းများ ကိုယ်ပိုင်ကုန်ထုတ်ရေး ကုမ္ပဏီများ ကိုယ်ပိုင်ဝန်ဆောင်မှုပေးကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကူးကုမ္ပဏီများ ကိုယ်ပိုင်ကုန်ပို့ကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကြမ်းပေးကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကြမ်းရောင်းကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကြမ်းကုန်ထုတ်ကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကြမ်းကုန်ထုတ်ကုမ္ပဏီများ ကိုယ်ပိုင်ကုန်ကြမ်းကုန်ထုတ်ကုမ္ပဏီများ
- Principles of Management, Accounting Knowledge for Mangers, Marketing Management, Framework of Business Management, Entrepreneurship & SME Management, Productions & Operations Management
- သင်တန်းကာလ - ဇွန်လ ၁၃ ရက် မှ ၇၃၀ နာရီ (အနေ အတန်းနေ)
Ph: 01 538531, 01 505072, E-mail: bcbcentre2005@gmail.com

**လူပျောက်ကြော်ငြာ**
မိတ္ထီလာမြို့၊ အင်းကုန်းကယ်ဆယ်ရေးစခန်းမှ မောင်ဟိန်းမိုးကျော် အသက်(၁၃)နှစ်သည် ၂၈-၁၁-၂၀၁၃ ရက်က ငုံးဥရောင်းရန်ထွက်သွားရာမှ ပျောက်ဆုံးနေပါသည်။ ဆံပင်တို၊ အရပ်လေးပေ၊ ပါးစပ်ကျဉ်း၊ နားရွက်သေး၊ နဖူးကျဉ်း၊ ၎င်းအားတွေ့ရှိသူများ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။
**ဒေါ်တင်တင်လွဲ**
**အင်းကုန်းကယ်ဆယ်ရေးစခန်း**
**မိတ္ထီလာမြို့**

**ပြောကွက်ယယ်လိုသည်**
ခရိုင်ကြီး သစ်
ဘဏ္ဍာ ရိုင်း ၊ ဟောင်ပိုင်း
ထိပ်-ကမ်း
ပြောကွက်များ ယယ်လိုသည်။
09 31589922
09 31268183

**အများသိစေရန်ကြေညာချက်**
[illegible]

# တစ်ခါသုံးခွက်ပြုပြုတွေကို သတိထား

အမေရိကန်နိုင်ငံရှိ Technopark ကုမ္ပဏီမှ IT နည်းပညာရှင်တစ်ဦးဖြစ်သူ Mr.Varun ရဲ့ရောဂါက ထူးဆန်းနေပါတယ်။ သူဟာ တစ်နေ့လုံးနေကောင်းပြီး ညရောက်ပြီဆိုတာနဲ့ ဗိုက်ထဲကရစ်ရစ်နာတဲ့ဝေဒနာကို ခံစားရလေ့ရှိပါတယ်။ ဒီလိုဝေဒနာစွဲနေတာ နှစ်နဲ့ချီနေပါပြီတဲ့။ ဆရာဝန်တွေနဲ့စမ်းသပ်ပြီး သာမန်ဆေးစစ်ချက်လေးတွေ လုပ်ခဲ့ပေမယ့် ရောဂါရှာဖွေမရခဲ့ပါဘူး။နောက်ဆုံးမှာတော့ deeper probes (ခေါ်) ရောဂါရှာဖွေတဲ့ ထိပ်တုံးခွဲစိတ်ကိရိယာတစ်မျိုးနဲ့ သူ့ရဲ့အစာအိမ်ထဲကို စစ်ဆေးကြည့်လိုက်တဲ့အခါ ပြဿနာကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။

"အံ့ဩစရာပဲဗျာ၊ သူ့ရဲ့အစာအိမ်ထဲမှာ ဖယောင်းဖြူ အနှစ်တွေ အနည်ထိုင်နေတာအများကြီးဗျ၊ ဒါ ဖယောင်းတိုင်လုပ်တဲ့ဖယောင်းဖြူ အမျိုးအစားတွေပေါ့" လို့ Mr.Varun ရဲ့ ခွဲစိတ်ဆရာဝန်က ပြောပါတယ်။ ရောဂါရဲ့ဇာစ်မြစ်ကို အဖြေရှာကြည့်ရာ Mr.Varun ဟာ လက်ဖက်ရည်ကြိုက်သူတစ်ဦးဖြစ်တာမို့ နေ့ဘက်ရုံးခန်းမှာ လက်ဖက်ရည်သောက်လေ့ရှိပြီး သောက်တဲ့အခါတိုင်း တစ်ခါသုံးစက္ကူခွက်နဲ့သာ သောက်ဖြစ်ပါတယ်တဲ့။ စက္ကူတွေရဲ့သဘောသဘာဝအရ ရေစက်ကလေးထိရင်တောင် စက္ကူသားကပျော့ပြီး ယိုစိမ့်ပေါက်သွားတတ်တာမို့ အရည်တွေထည့်သောက်လို့ရအောင် စက္ကူခွက်ပေါ်မှာဖယောင်းလောင်းပေးရပါတယ်။အကယ်၍ အခုလိုဖယောင်းလောင်းထားတဲ့စက္ကူခွက်ထဲကို လက်ဖက်ရည် (သို့မဟုတ်) ကော်ဖီပူပူတွေထည့်သောက်လိုက်တဲ့အခါမှာ ခွက်ပေါ်မှာ လောင်းထားတဲ့ ဖယောင်းတစ်စိတ်တစ်ဒေသတွေဟာ အရည်ပူပူတွေနဲ့အတူ ဗိုက်ထဲရောက်သွားပါတော့တယ်။ ထိုခွက်တွေနဲ့အရည်ပူပူတွေကို ရံဖန်ရံခါမှသောက်ခဲ့ရင် ပြဿနာမရှိသော်လည်း နေ့စဉ်သောက်သုံးခဲ့ရင်တော့ အစာအိမ်ကိုဒုက္ခပေးပါလိမ့်မယ်။

လက်ဖက်ရည်၊ ကော်ဖီ၊ ရေနွေးပူပူတွေသောက်တဲ့ အခါ-

(၁) တစ်ခါသုံးခွက်ဖြူဖြူတွေကို (လုံး၀)မသုံးပါနဲ့။ (စက္ကူပေါ်မှာ ဖယောင်းလောင်းထားတာကြောင့် Mr. Varun လို ရောဂါ၀ေဒနာမျိုးရရှိစေနိုင်ပါတယ်)

(၂) ဖန်ခွက်ကိုလည်း မသုံးသင့်ပါဘူး (ဖန်ခွက်ဖြစ်စေဖို့အတွက် ထိုဖန်ကိုချက်ထားတဲ့ ဓာတုပစ္စည်းတွေက ရေနွေးပူပူတွေနဲ့တွေ့တဲ့အခါ ဓာတ်ဖောက်ပြန်ပြီး အစာအိမ်နဲ့ သွေးကြောတွေကို ထိခိုက်စေနိုင်ပါတယ်)

(၃)ကြွေထည်ပစ္စည်းနဲ့လုပ်ထားတဲ့ ကြွေခွက်တွေ ကသာ အကောင်းဆုံးဖြစ်ပါတယ်။ စတီးခွက်တွေလည်း သုံးနိုင်ပါတယ်။

တစ်ခါသုံးစက္ကူခွက်ဖြူဖြူတွေက သယ်ရတာပေါ့ပါးလွယ်ကူတဲ့အပြင် စျေးနှုန်းသက်သာတာကြောင့် သောက်သုံးပြီးတဲ့အခါ အထူးတလည်ပြန်လည်ဆေးကြောနေစရာမလိုဘဲ စွန့်ပစ်နိုင်လို့ အိမ်ရှင်မများ အကြိုက်တွေ့ရုံမျှမက ကုမ္ပဏီ၊ ရုံးခန်း၊ စားသောက်ဆိုင်တော်တော်များများမှာ အသုံးတည့်လို့နေပါတယ်။ သို့သော် Mr.Varun လို အလားတူရောဂါပြဿနာမျိုးမဖြစ်ရလေအောင် အချိန်မီသတိပြုဆင်ခြင်နိုင်ကြပါစေကြောင်း ကျန်းမာသုတအဖြစ် မျှဝေလိုက်ရပါတယ်။ ။

**တင်ထက်ထက်ဇော်**

# နတ်မတောင်တက်ခရီးသည်များ ဆော ပြန် / ဆက်ရုံးတွင် ကြည့်ရှုလေ့လာ

**ဆော ဒီဇင်ဘာ ၂၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ ဒေသခံများက ခေါ်နေသုန်ဟုခေါ်သည့် နတ်မတောင်တောင်တက် ခရီးသွားကြသူများ၊ သဘာဝရှုခင်းအလှအပများကို ကြည့်ရှုလေ့လာသူများသည် နတ်မတောင်သို့ သွားရောက်သည့်အခါ မကွေးတိုင်းဒေသကြီး ဆောမြို့ကို ဖြတ်သန်းသွားလာရသည်။ ထိုသို့တောင်တက်ခရီး၊ လေ့လာရေးခရီးသွားလာကြသူများအနက် ယခုနှစ်တွင် နိုင်ငံခြားသားအများစုပါဝင်ကြောင်း ဆောမြို့ဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ နတ်မတောင်သို့ သွားရောက်ကြသူများတွင် ဒီဇင်ဘာ ၂၀ ရက်က ဂျပန်နိုင်ငံ Shan Yoe Ma Travel Tour လေ့လာရေးအဖွဲ့မှ ဂျပန်နိုင်ငံသား ခုနစ်ဦးနှင့် ဘာသာပြန် တစ်ဦးတို့သည် နတ်မတောင်တွင် နံနက်အရုဏ်ဦးနှင့် နေထွက်အလှကို ကြည့်ရှုခံစားပြီး အပြန်ခရီးတွင် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဝင်ရောက်၍ စာကြည့်တိုက်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(၄၆၅)**

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အင်းမငယ်အုပ်စု အုန်းပင်လှကျေးရွာ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ အကျယ်တဝင့်သိရှိစေရန် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သရက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်သန်းက သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သရက်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ၂၀၁၄ ခုနှစ်မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ကျေးရွာနေ ပြည်သူများက ပူးပေါင်းပြီး ပါဝင်ကူညီကြရန်နှင့် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

ထို့နောက် ကျေးရွာနေပြည်သူများက မရှင်းလင်းသည်များကို မေးမြန်းခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(မြင့်မြင့်ဆွေ)**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာရုံးက ဆောင်ရွက်လျက်ရှိသောသုံးခွ-ကဒပွန လမ်းပိုင်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မိုင်တိုင်အမှတ် (၀/၂) မှ မိုင်တိုင်အမှတ် (၀/၄) အထိ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက တွေ့ရစဉ်။

**(ကြည်စိုးလွင်-သုံးခွ)**


## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)
## သက်ကြီးအနုပညာရှင်ကြီးများအား၇ါရဝပြုခြင်းအခမ်းအနားအတွက် အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ နှစ်စဉ် ပြုလုပ်နေမြဲ ဖြစ်သည့် သက်ကြီးအနုပညာရှင်ကြီးများအား ဂါရဝပြုအခမ်းအနားကို အစဉ်အလာမပျက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

အသစ်လျှောက်ထားမည့် သက်ကြီးအနုပညာရှင်ကြီးများအနေဖြင့် မိမိ၏ဓာတ်ပုံ (တစ်လက်မခွဲပတ်လည်) (၄)ပုံနှင့် ကိုယ်ရေးမှတ်တမ်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) သက်ကြီးအနုပညာရှင်များ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ လုပ်ငန်းစီစစ်ရေးကော်မတီထံသို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ အရောက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလျှဒါနပြုလိုသူများ မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ဆက်သွယ်လျှာ်ဒါန်းနိုင်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**
**ဖုန်း- ၀၁-၅၄၅၈၆၂ ၊ ၀၁-၅၄၅၈၆၃**



## ရွှေတောင်မှော် အထက တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

